မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလတန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒူလာတို့၏ ဖိတ်ကြားချက်များအရ မကြာမီကာလအတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်း ဥက္ကဋ္ဌ မဒမ်ခေါလုလီနှင့် အဖွဲ့ဝင်များ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်း ဥက္ကဋ္ဌ မဒမ်ခေါလုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အာလူးစားသုံးမှု နှလုံးရောဂါဖြစ်ပွားမှု လျော့ကျနိုင်

အာလူးသည် ဆိမ့်သော အရသာရှိသည့်အပြင် အနည်းငယ် ချိုသောအရသာလည်းရှိသည်။ ကမ္ဘာ့နိုင်ငံ အနှံ့အပြား၌ အသုံးများသော သစ်ဥသစ်ဖုမျိုးလည်းဖြစ်သည်။ အာလူးကို တစ်နှစ်တာပတ်လုံး စိုက်ပျိုးထွက်ရှိအောင် ကမ္ဘာ့နိုင်ငံများက ကြိုးဆစိုက်ပျိုးနေကြသည်။

ပါဝင်သောဓာတ်များ

အာလူးတွင် ဗီတာမင်စီ၊ ဗီတာမင် ဘီ-၆၊ ကော့ပါး၊ ပိုတက်ဆီယမ်၊ မင်းဂနိစ်နှင့် အမျှင်ဓာတ်တို့ ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်စီဖြစ်ပြီး အခြားဓာတ်များထက် ၅၀ ရာခိုင်နှုန်း ပိုမိုပါဝင်သည်။ ထို့အပြင် ဗီတာမင် ဘီ-၆ လည်း ပေါများစွာ ပါရှိသည်။

အာလူးကို ပုံမှန်စားသုံးပါက နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည့်အပြင် အစာချေဖျက်မှုကိုလည်း အထောက်အကူပေးသည်။ ထို့အပြင် သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး လေဖြတ်ခြင်းကိုလည်း လျော့ကျ သက်သာစေနိုင်သည်။

ချင့်ချိန်စားသုံးသင့်

သို့သော် အာလူးကို စားသုံးမှုများပါက ကိုယ်အလေးချိန်တိုးပြီး သွေးအတွင်း ကိုလက်စထရော များပြားမှုဖြစ်စေသဖြင့် ချင့်ချိန်စားသုံးသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။

နိုင်ငံတကာသတင်းနှင့်မှုခင်း

- ကင်ညာရွေးကောက်ပွဲ အကြမ်းဖက်မှု လူ ၆၀၀ သေဆုံး — စာ-၃
- ၂၀၀၈ ခုနှစ် အမေရိကန်ရွေးကောက်ပွဲအခြေအနေ — စာ - ၄
- နေရစ်တော့ကွယ် သွားတော့မယ် (နိုင်ငံတကာမှုခင်း) — စာ - ၅
- မစ္စစ်ဘူတို ကွယ်လွန်ပြီးနောက် ပါကစ္စတန်၏အခြေအနေ (သတင်းအက်ဆေး) — စာ - ၆

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်)

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိ

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ရာ လူငယ်လူရွယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်များပြားစွာ ရရှိနေသည်။ ထိုနည်းတူ ကျေးလက်ဒေသနေပြည်သူများ အသိပညာဗဟုသုတ တိုးပွားမြင့်မားစေရေးအတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့်အတူ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ၊ နေပြည်တော်လယ်ဝေးမြို့နယ် မြွေရိုးလေးကျေးရွာနှင့် ငှက်ပျောတော ကျေးရွာတို့ရှိ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၆ ရက်နေ့က အဆိုပါကျေးရွာများတွင် ကျင်းပခဲ့သည်။

ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄ခုနှစ်မှ စတင်ထူထောင်ဖွင့်လှစ်လျက်ရှိရာ နိုင်ငံတစ်ဝန်း ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အနက် ယခုအခါ ကျေးရွာပေါင်း ၅၅၇၅၅ကျော်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင်အလှူရှင်တို့၏အားဟူသော အားသုံးအား ပေါင်းစည်းညီညွတ်မှုကြောင့်ပင် ဖြစ်သည်။

စာကြည့်တိုက်များမှရရှိသော စာပေအလင်းရောင်သည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိရာ နိုင်ငံတော်က စာကြည့်တိုက်များ ပေါ်ထွန်းလာစေရေး အလေးထားဖော်ဆောင်ပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဖော်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များ ပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် အောင်သိဒ္ဓိလမ်း အောင်မင်္ဂလာလမ်းသွယ် အမှတ်(၂၇)နေ ဖခင်ကြီး ဦးယုဝမ်အား ရည်စူး၍ ဇနီးဒေါ်ခင်သန်းယုနှင့် သားသမီး၊မြေးတစ်စုက အလှူငွေကျပ်နှစ်သိန်းလေးသောင်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးဟံညွန့်တို့က လက်ခံယူသည်။**(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၈)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	စေညွှန်ရာလမ်းမများ တက္ကစီမင်းနှင့် တစ္ဆေမလေး
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၂၂)

စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၃) ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၀

ယခုတစ်ပတ် သတင်းဂျာနယ်တွင် သောက်သုံးရေဖူလုံရေးကြိုးပမ်း ၂၀၀၉ခုနှစ်တွင် ဖူလုံပိုလျှံမည်၊ ဖျာပုံရခိုင်ငါးခြောက် အညာရောက်ရေချိုငါးခြောက် အဝယ်သွက်၊ ရောဝတီမြစ်ကျွန်းစိုက် ရာသီဓာတ်မြေဩဇာ အဝယ်လိုက်၊ UNFPAမှ မိခင်မှကလေးသို့ HIV ပိုး မကူးစက်ရေး စီမံချက် ၂၀၀၇မှ၂၀၁၀အထိ ဆောင်ရွက်မည်အစရှိသည့် ပြည်တွင်းသတင်းများနှင့် အင်ဒိုနီးရှားကို ကမ္ဘာ့ဘဏ်ကူညီ၊ ဒေါ်လာအပေါ်အသာစီးရနေသည့် တရုတ်ယွမ်၊ အာဆီယံ-အိန္ဒိယ သွင်းကုန်ခွန်ကိစ္စ၊ တရုတ်-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကတိပြုအပါအဝင်၊ နိုင်ငံတကာ စီးပွားရေးသတင်းများအပါအဝင်၊ သုတရသဆောင်းပါးများနှင့် မှုခင်းသတင်းများ ဝေဝေဆာဆာ ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအဆောက်အအုံအမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပန်းချီကားများ ရောင်းချပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၇ခုနှစ် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး မျက်နှာစုံညီ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် အစည်းအရုံး(ဗဟို)မှ ပန်းချီပညာရှင် နာယကဆရာကြီးများ၊ အလုပ်အမှုဆောင်များ၊ အစည်းအရုံးဝင် ပညာရှင်များလှူဒါန်းကြသော ပန်းချီအနုပညာလက်ရာ ပန်းချီကားများကို အစည်းအရုံး အဆောက်အအုံတည်ဆောက်ရန် ရန်ပုံငွေအတွက် ရောင်းချပွဲကို ဇန်နဝါရီ ၅ရက်က ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပြခန်းတွင် ကျင်းပသည်။

တက်ရောက်

ရန်ပုံငွေပွဲသို့ အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း၊ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်း (Today)နှင့် ပန်းချီမြတ်နိုးသူများ တက်ရောက်ကြသည်။ (က-ပ)

အမှတ် (၄၇)၊ ၁၅၆ လမ်း တာမွေမြို့နယ်နေ ဦးဝေလွင်-ဒေါ်မြရီမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးသန်းထွန်းက လက်ခံယူစဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

ကင်ညာရွေးကောက်ပွဲအကြမ်းဖက်မှု လူ ၆၀၀သေဆုံး သမ္မတကီဘာကီ၏ ဝန်ကြီးအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို အတိုက်အခံများ မကျေနပ်၍ ဆူပူဆန္ဒပြ

နိုင်ရိုဘီ ဇန်နဝါရီ ၁၀

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲအငြင်းပွားမှုကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီး နှစ်ပတ်အကြာ ကင်ညာသမ္မတ မစ္စတာကီဘာကီသည် ၎င်း၏ ဝန်ကြီးအဖွဲ့သစ်တွင် ဇန်နဝါရီ ၁၀ရက်က ကျမ်းသစ္စာကျိန်ဆိုကြသည်။

အဆိုပါ ဝန်ကြီးအဖွဲ့တွင် မစ္စတာကီဘာကီ၏မိတ်ဆွေ အများစုပါဝင်သည်။ အချို့ဝန်ကြီးနေရာများ ဖြည့်စွက်ခန့်ထားခြင်းမပြုရသေးဟု ဆိုသည်။

ဆန့်ကျင်ဆန္ဒပြ

ယင်းနေ့ အစောပိုင်းက နိုင်ရိုဘီမြို့၌ အမျိုးသမီး ၁၀၀ခန့် ရွေးကောက်ပွဲကို ဆန့်ကျင်ဆန္ဒပြခဲ့၍ ရဲအဖွဲ့က မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ရသည် ဟုဆိုသည်။

ဆန္ဒပြသူ အမျိုးသမီးများက “ကင်ညာနိုင်ငံ၌ ငြိမ်းချမ်းမှုမရှိ၊ တရားမျှတမှုမရှိ၊ ကီဘာကီ သူခိုး”ဟု ကြွေးကြော်ဆန္ဒပြကြကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကင်ညာနိုင်ငံ၌ မဲအငြင်းပွားမှုဖြစ်ပွားပြီး အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ၆၀၀ခန့် သေဆုံးခဲ့ရသည်။

ထို့အပြင် လူပေါင်း ၂၅၀၀၀၀ခန့်မှာလည်း အကြမ်းဖက်မှုများကို စိုးရိမ်ထိတ်လန့်နေကြသည်။

ဆွေးနွေး

လိမ့်မော်ရောင် ဒီမိုကရက်တစ်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ရိုင်လာအိုဒင်ဂါသည် နိုင်ငံတကာ ဖျန်ဖြေရေးအဖွဲ့များနှင့် ဆွေးနွေးလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အသိအမှတ်မပြု

မစ္စတာကီဘာကီသည် ဒုတိယသမ္မတ ကာလွန်ဂိုမူ စယိုကာ အပါအဝင် ဝန်ကြီးသစ် ၁၇ဦးဖြင့် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ သို့သော်လည်း မစ္စတာအိုဒင်ဂါက အဆိုပါ ဝန်ကြီးအဖွဲ့ကို အသိအမှတ်မပြုဟု ဆိုသည်။

ကြားဝင်ဖျန်ဖြေပေး

ကင်ညာနိုင်ငံတွင် ဂါနာသမ္မတ ဂျွန်ကူဖူယာ၊ အာဖရိကသမ္မတဟောင်း လေးဦးနှင့် အမေရိကန် ထိပ်တန်းသံတမန်တစ်ဦးတို့ ကြားဝင်ဖျန်ဖြေပေးရန် ရောက်ရှိနေသည်။

မစ္စတာကူဖူယာသည် မစ္စတာကီဘာကီနှင့်လည်းကောင်း၊ အတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဆိုသည်။

အင်တာနက်

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ အဆောက်အအုံများပျက်စီး

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ဇန်နဝါရီ ၉ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အဆောက်အအုံများ ဤသို့ ပျက်စီးခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ကင်ညာသမ္မတ ကီဘာကီ။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဇန်နဝါရီ၁၀ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် သေဆုံးသူများကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘူတို လုပ်ကြံခံရပြီးနောက် နိုင်ငံတစ်ဝန်းဆူပူ လာဟိုးမြို့၌ ဗုံးခွဲတိုက်ခိုက်၍ လူ၂၀သေဆုံး တရားရုံးချုပ်အပြင်ဘက်၌ ဖောက်ခွဲတိုက်ခိုက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးအတွက် အကူအညီပေးရန် ဗြိတိသျှရဲစုံထောက် စကော့တလန်ယာဒ် နောက်ထပ်တစ်ဖွဲ့ ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိလာကြောင်း နယူးစ်နက်ဝက်အင်တာနေရှင်နယ် သတင်းအေဂျင်စီက ရေးသားဖော်ပြသည်။

အဖွဲ့ဝင်သုံးဦးပါဝင်သော အဆိုပါအဖွဲ့သည် ဇန်နဝါရီ၄ရက်က ရောက်ရှိနေသော ဗြိတိသျှရဲစုံထောက်ခုနစ်ဦးနှင့်အတူ လာရောက်ပူးပေါင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

လုပ်ကြံခံရ

အဆိုပါ ဗြိတိသျှစုံထောက်များသည် ဘာနာဇီယာဘူတို လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရမှုတွင် ပါကစ္စတန်စုံထောက်များအား နည်းပညာပိုင်း အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ ဘူတိုသည် ဒီဇင်ဘာ၂၇ရက်က ရာဝါပင်ဒီမြို့၌ လူထုအားစည်းရုံးဟောပြောနေစဉ် လုပ်ကြံခံရခြင်းဖြစ်သည်။

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ပါကစ္စတန်ရဲအဖွဲ့၏ စုံစမ်းထောက်လှမ်းစစ်ဆေးခြင်းကို ကျေနပ်အားရမှုမရှိ၍ ဗြိတိန်ဝန်ကြီးချုပ်ထံ စကော့တလန် စုံစမ်းစစ်ဆေးရေးအဖွဲ့ စေလွှတ်ပေးရန် မေတ္တာရပ်ခံခဲ့ကြောင်း လွန်ခဲ့သော သီတင်းပတ်က ပြောကြားခဲ့သည်ဟုဆိုသည်။

သေဆုံး

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့၌ ဇန်နဝါရီ ၁၀ရက်က အသေခံဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး လူ၂၀ သေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ တရားရုံးချုပ်အဆောက်အအုံအပြင်ဘက်၌ ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ရိုက်တာ၊ ဆင်ဟွာ၊ အင်တာနက်

အမေရိကန် ကျူးကျော်မှု သုံးနှစ်အတွင်း အီရတ်ပြည်သူ တစ်သိန်းခွဲကျော်သေဆုံး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လမှ စတင်ကာ အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့ဝင်များ ကျူးကျော်စစ် ဆင်နွှဲခဲ့ပြီးနောက်ပိုင်း ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် ဇွန်လအထိ သုံးနှစ်တာကာလအတွင်း အီရတ်ပြည်သူ ၁၅၁၀၀၀ သေဆုံးခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဇန်နဝါရီ ၉ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် အခြားသုတေသနပြုမှုတစ်ရပ်၌ ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၆ခုနှစ် ဇွန်လအတွင်း အီရတ်ပြည်သူ သေဆုံးသူစုစုပေါင်း ၂၂၃၀၀၀ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အီရတ်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်း၌ အီရတ်ကို အမေရိကန်တို့ ကျူးကျော်ခဲ့ပြီးနောက်ပိုင်း ၂၀၀၆ခုနှစ် ဇွန်လအထိ သေဆုံးသူ ၆၀၀၀၀၀ကျော်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ အဆိုပါအရေအတွက်မှာ အီရတ်မိသားစု ၁၀၀၀၀ခန့်အား ကွင်းဆင်း တွေ့ဆုံမေးမြန်းခဲ့ပြီး ရရှိသည့်အရေအတွက်ဖြစ်သည်။

သေဆုံးစာရင်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် အန်ဘာပြည်နယ်တို့တွင် ကွင်းဆင်းသုတေသနပြုခဲ့ပြီးမှ ထုတ်ပြန်သော သေဆုံးစာရင်းဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုမှ စာရင်းအင်းဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ မိုဟာမက်အလီက ပြောကြားသည်။

စွန့်ခွာထွက်ပြေး

အမေရိကန်တို့ အီရတ်ကို ကျူးကျော်ခဲ့ပြီးနောက်ပိုင်း၌ အီရတ်ပြည်သူ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး နေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ရသူများလည်း ထောင်ပေါင်းများစွာ ရှိခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ ရိုက်တာ

၂၀၀၈ ခုနှစ် အမေရိကန် ရွေးကောက်ပွဲ နယူးဟက်ရှိုင်းယား၌ အကြိုယှဉ်ပြိုင်
ဒီမိုကရက်တစ်ပါတီမှ ဟီလာရီက အိုဘားမားကိုဦးဆောင် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်း ရှေ့မှပြေးနေ

ဘက်ဖို့ဒ် ဇန်နဝါရီ ၁၀

၂၀၀၈ ခုနှစ် အမေရိကန်ရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် အကြိုရွေးကောက်ပွဲကို နယူးဟက်ရှိုင်းယားပြည်နယ်တွင် ဇန်နဝါရီ ၈ ရက် (အင်္ဂါနေ့)**က ပြုလုပ်သည်။**

အဆိုပါ အကြိုရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က ၃၉ ရာခိုင်နှုန်း၊ ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက် အထက်လွှတ်တော်အမတ် အိုဘားမားက ၃၆ ရာခိုင်နှုန်းရရှိကာ ဒီမိုကရက်တစ် သမ္မတလောင်းနေရာအတွက် အကြိတ်အနယ်ဖြစ်နေသည်။

အကြိတ်အနယ်

ဟီလာရီကလင်တန်နှင့် အိုဘားမားတို့နှစ်ဦးသည် ဒီမိုကရက်တစ် သမ္မတလောင်းနေရာအတွက် ဇန်နဝါရီ ၃ ရက်က ပထမအကြိမ်အကြိုရွေးကောက်ပွဲအဖြစ် အိုင်အိုးဝါး၌လည်း အကြိတ်အနယ်ဖြစ်ခဲ့သည်။ ထိုစဉ်က အိုဘားမားက ဟီလာရီကလင်တန်ထက် ထောက်ခံမှုကိုရခဲ့သည်။ ယခုနယူးဟက်ရှိုင်းယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဒီမိုကရက်တစ် ပါတီမှဝင်ရောက်ယှဉ်ပြိုင်သူများတွင် ဟီလာရီကလင်တန်က ၃၉ ရာခိုင်နှုန်း၊ အိုဘားမားက ၃၆ ရာခိုင်နှုန်း၊ ဂျွန်အက်ဒွပ်က ၁၇ ရာခိုင်နှုန်း၊ ဘီလ်ရစ်ချတ်ဆင်က ငါးရာခိုင်နှုန်း အသီးသီးရရှိခဲ့သည်။

ရာခိုင်နှုန်း

ရီပတ်ဘလီကင်ပါတီမှ ဝင်ရောက်သူများတွင် ဂျွန်မက်ကိန်းက ၃၇ ရာခိုင်နှုန်းဖြင့် ထိပ်မှနေပြီး မစ်ရွမ်နေးက ၃၂ ရာခိုင်နှုန်း၊ မိုက်ဟပ်ကာဘီးက ၁၁ ရာခိုင်နှုန်း၊ ရတ်ဒီဂူလီယာနီက ၉ ရာခိုင်နှုန်း၊ ဂျွန်ပေါလ်က ၈ ရာ ခိုင်နှုန်း အသီးသီးရခဲ့သည်။

ထောက်ခံ

သို့သော် စီအင်န်အင်န်၏ သဘောထား ကောက်ယူမှုစစ်တမ်းတွင် ပြည်နယ်အတွင်းရှိ အမျိုးသမီးမဲဆန္ဒရှင်များအနက် ၄၇ ရာခိုင်နှုန်းက ဟီလာရီကလင်တန်ကို ထောက်ခံပြီး ၃၄ ရာခိုင်နှုန်းက အိုဘားမားကို ထောက်ခံကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ နယူးဟက်ရှိုင်းယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် ခင်ပွန်းဖြစ်သူ သမ္မတဟောင်း ကလင်တန်တို့ ဤသို့မဲဆွယ်စည်းရုံးခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်းနိုင်ငံတောင်ပိုင်း ပါတ္တနီပြည်နယ်တွင် ဇန်နဝါရီ ၁၀ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများ မြင်ကွင်းတစ်စိတ်တစ်ဒေသ။ (အင်တာနက်ဓာတ်ပုံ)

● ကျောဖုံးမှ

ထိုင်းရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံး အရွေးချယ်ခံထားရသော ထိုင်းပြည်သူ့အာဏာပါတီ(ပီပီပီ)မှ အမတ်များသည် ထိုင်းနိုင်ငံပြည်နယ်အချို့၌ ထောက်ခံမဲရရှိရန် မရိုးမသားပြုလုပ်ခဲ့သဖြင့် အထောက်အထားခိုင်လုံအောင် မိမိတို့ သေသေချာချာစစ်ဆေးနေသည်ဟု အီးစီကပြောကြားသည်။

ဆက်လက်ဆောင်ရွက်

အမတ်နေရာအများဆုံးရရှိထားသော ထိုင်းပြည်သူ့အာဏာပါတီ(ပီပီပီ) ကမူ မိမိတို့ပါတီသည် အစိုးရတစ်ရပ်ဖွဲ့စည်းမှုလုပ်ငန်းများကို မိတ်ဖက်ပါတီများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖြစ်ပွားခဲ့

ထိုင်းနိုင်ငံတောင်ပိုင်း ပါတ္တနီပြည်နယ်တွင်လည်း ဇန်နဝါရီ ၁၀ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ထိုသို့ ဗုံးပေါက်ကွဲမှုများမှာ ထိုင်းရွေးကောက်ပွဲ ကာလအတွင်းမှစတင်ကာ ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များ၌ ဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်၌ တိုက်ခိုက်မှုပြင်းထန် နိုင်ငံတစ်ဝန်း ဗုံးခွဲမှုထူပြော

ဝါရှင်တန် ဇန်နဝါရီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန် တိုက်ခိုက်ရေးသမားများအား ထိုးစစ်ဆင်တိုက်ခိုက်ရန် မရိမ်းတပ်ဖွဲ့ဝင် ၃၀၀၀ ခန့် စေလွှတ်ရန်စဉ်းစားနေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ပြောကြားသည်ကို ပင်တဂွန်က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။

တိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သော နှစ်နှစ်ကျော်ကထက် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားလာလျက်ရှိသည်။ နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းတို့၌ တာလီဘန်များက အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ ကားဗုံးခွဲတိုက်ခိုက်မှုများဖြင့် ပြောက်ကျားစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

အဘတ်စ်နှင့်တွေ့မည့် ဘုရှ်၏ ရာမာလာခရီးစဉ် လက်ဖြောင့်တပ်သားနှင့် လုံခြုံရေးများ ခြေချင်းလိမ် ဂါဇာကမ်းမြောင်၌ ဆန္ဒပြမှု ဖြစ်ပွား

ဂျေရုဆလင် ဇန်နဝါရီ ၁၀

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အနောက်ဘက်ကမ်းရှိ ရာမာလာမြို့၌ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် တွေ့ဆုံမည်ဖြစ်သည်။

ရာမာလာမြို့တွင် လုံခြုံရေး အပြည့်ချထားသည်။ သမ္မတဘုရှ်နှင့် ပါလက်စတိုင်းခေါင်းဆောင် အဘတ်စ်တို့ တွေ့ဆုံသည့်အခါ အစ္စရေးတို့၏ တိုးချဲ့ရပ်ကွက်များကိစ္စ၊ ပါလက်စတိုင်း စစ်သွေးကြွများအရေးတို့ကို အဓိက ဆွေးနွေးကြမည်ဟု မျှော်လင့်ရမည်။

ဂျေရုဆလင်မြို့၌ ဗုဒ္ဓဟူးနေ့က အစ္စရေးဝန်ကြီးချုပ် အိုင်မတ်နှင့် တွေ့ဆုံပြီး သူ၏သမ္မတသက်တမ်း နောက်ဆုံးနှစ်အတွင်း ငြိမ်းချမ်းရေးသဘောတူညီမှု အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း သမ္မတဘုရှ်က ပြောဆိုသည်။

ဒုတိယမြောက်

သမ္မတဘုရှ်၏ အနောက်ဘက်ကမ်းခရီးစဉ်မှာ ၁၉၉၈ ခုနှစ်က သမ္မတကလင်တန် လာရောက်ပြီးနောက် အမေရိကန်သမ္မတ၏ ဒုတိယမြောက် ခရီးဖြစ်သည်။

ခြေချင်းလိမ်နေ

ရဟတ်ယာဉ်ဖြင့် သမ္မတဘုရှ်လာရောက်သည်ကို ကြည့်ရှုရန် မြို့သူမြို့သားများ အိမ်ခေါင်မိုးပေါ်မတက်ရေးအတွက် တားမြစ်လိုက်သည်။ ထို့ပြင် သမ္မတဘုရှ် ခရီးစဉ်အတွက် အနောက်ဘက်ကမ်း ရာမာလာမြို့၌ ပါလက်စတိုင်းနှင့် အမေရိကန်လုံခြုံရေးတပ်ဖွဲ့ဝင်အများအပြားနှင့် လက်ဖြောင့်တပ်သားများကို ခြေချင်းလိမ်နေအောင် ချထားသည်။

ဆန္ဒပြ

ဟားမတ်စ်အုပ်စုကို အကြမ်းဖက်အဖွဲ့ဟု အမေရိကန်က ယူဆသည့်အတွက် သမ္မတဘုရှ်မှာ ဂါဇာသို့သွားရောက်ရန် အစီအစဉ်မရှိပေ။ သို့သော် ဂါဇာကမ်းမြောင်တွင် သမ္မတဘုရှ်၏ အစ္စရေးနှင့် အနောက်ဘက်ကမ်း ခရီးစဉ် ကန့်ကွက်ဆန္ဒပြပွဲကို ဇန်နဝါရီ ၉ ရက်က ပြုလုပ်သည်။

ကန့်ကွက်

လူအင်အား ၂၀၀၀၀ ကျော်ပါဝင်သည့် ကန့်ကွက်ဆန္ဒပြပွဲတွင် သမ္မတဘုရှ်အား သွေးစုပ်သည့် ဖုတ်ကောင်အဖြစ် သရုပ်ဖော်ထားသည့် ပိုစတာများကို ဆန္ဒပြသူများက ကိုင်ဆောင်လာသည်။ ထို့အပြင် အမေရိကန်အလံကိုလည်း မီးရှို့ကန့်ကွက်ကြသည်။

အင်တာနက်

ပါလက်စတိုင်းဒေသ အနောက်ဘက်ကမ်း ရာမာလာမြို့တွင် ဇန်နဝါရီ ၉ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများ ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဆိုက်ပရပ်စ်ရှိ စစ်စခန်း၌ အီရတ်နှင့် အီရန်တို့ ဆန္ဒပြ

နီကိုရှား ဇန်နဝါရီ ၁၀

ဆိုက်ပရပ်စ်နိုင်ငံရှိ ဗြိတိသျှစစ်အခြေစိုက်စခန်းတစ်ခု၌ အီရတ်နှင့် အီရန်နိုင်ငံသားအချို့က ဗြိတိသျှတို့၏ လူဝင်မှုစည်းကမ်းဥပဒေများအပေါ် ကျေနပ်ခြင်းမရှိသဖြင့် ဇန်နဝါရီ ၉ ရက်က ဆန္ဒပြခဲ့ကြသည်။

အခွင့်အရေးများဆုံးရှုံး

ဆန္ဒပြသူများက ဗြိတိသျှတို့၏ တစ်ဖက်သတ်ကျသော လူဝင်မှုစည်းကမ်းဥပဒေများကြောင့် မိမိတို့အခွင့်အရေးများဆုံးရှုံးခဲ့ရကြောင်း ပြောကြားကာ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

စုရုံးဆန္ဒပြ

ဆန္ဒပြသူများသည် ဆိုက်ပရပ်စ်ရှိ အီပီစကိုပီမြို့အနောက်ပိုင်းစစ်အခြေစိုက်စခန်းအနီးတွင် စုရုံးကာဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ အမ်အင်န်အေ၊ ရိုက်တာ

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဗီယက်နမ်မှရော်ဘာ ပို့မိုတင်ပို့မည်

ဟန်ွိုင်း ဇန်နဝါရီ ၁၀

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံ တန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၈၀၀၀၀ ပြည်ပသို့ တင်ပို့ရန်မျှော်မှန်းထားကြောင်း၊ ၄ ရာခိုင်နှုန်းနှင့် ၂ဒသမ၃ ရာခိုင်နှုန်း အသီးသီးတိုးတက်လာနိုင်ကြောင်း ဗီယက်နမ် အင်ဗက်မန့်ရီဗျူးသတင်းစာက ဇန်နဝါရီ၇ရက်က ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတွင် လောလောဆယ်ရော်ဘာဟက်တာ ၄၉၅၀၀၀ စိုက်ပျိုးထားကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် ဟက်တာ ၇၀၀၀၀၀အထိ တိုးမြှင့်စိုက်ပျိုးသွားရန် စီစဉ်နေကြောင်း၊ ဗီယက်နမ်နိုင်ငံက လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများ၌လည်း ရော်ဘာဟက်တာ ရာထောင်ချီ၍ သွားရောက်စိုက်ပျိုးထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယားနိုင်ငံ ဆန်ထုတ်လုပ်မှု ၂၀၀၇ခုနှစ်အတွင်း တန်၆ဒသမ၄သန်းရှိခဲ့

ဖနောင်ပင် ဇန်နဝါရီ ၁၀

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၇ခုနှစ်အတွင်း ဆန်တန်ချိန် ၆ဒသမ၄ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၂ဒသမ ၁သန်းကို ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်ဘာသာဖြင့်ထုတ်ဝေသော ဂျီအန်ဟွာသတင်းစာက ဇန်နဝါရီ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၀၈ခုနှစ် မိုးရာသီတွင် ဆန်တန်ချိန် ၅ဒသမ၁၆သန်းထုတ်လုပ်နိုင်ခဲ့ပြီး နွေရာသီတွင် ၁ဒသမ၂သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၉ရက်တွင် ပြုလုပ်သော အစိုးရအဖွဲ့အစည်းအဝေးတွင် ဟွန်ဆန်က ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမိုးနီးယမ်းနိုက်ထရိတ်များ တူရကီတပ်များ သိမ်းဆည်းရမိ

အန်ကာရာ ဇန်နဝါရီ ၁၀

တူရကီနိုင်ငံအရှေ့ပိုင်း၌ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)ဝင်များ ဖုံးဝှက်ထားသောအမိုးနီးယမ်းနိုက်ထရိတ် ကီလို ၆၄၀ကို တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်း ရမိခဲ့ကြောင်း တူရကီတပ်က ဇန်နဝါရီ၇ရက်တွင် ပြောကြားသည်။

အဆိုပါ အမိုးနီးယမ်းနိုက်ထရိတ်များကို ဗန်းပြည်နယ်၏ မြို့တော်ဘာစကာလီမြို့ရှိ တဲတစ်လုံး၌ ဝှက်ထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပေါက်ကွဲမှုဖြစ်၍ မီးလောင်ခဲ့မှု အရေးယူရန် တောင်ကိုရီးယားဝန်ကြီးချုပ်ပြောကြား

ဆိုးလ် ဇန်နဝါရီ ၁၀

တောင်ကိုရီးယားနိုင်ငံ အိုင်ချီယွန်မြို့ရှိ ဂိုဒေါင်တစ်ခု၌ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားကာ လူ၄၀သေဆုံးပြီး ၂၂ဦး ဒဏ်ရာရခဲ့ရသည့် အကြောင်းရင်းကို ဝန်ကြီးချုပ်ဟန်ဒတ်ဆူးက ၎င်း၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား စေ့စပ်သေချာစွာစုံစမ်းစစ်ဆေးရန် ဇန်နဝါရီ ၉ရက်က အမိန့်ထုတ်ပြန်သည်။

အမိန့်ထုတ်ပြန်

အဆိုပါဖြစ်ရပ်၏ အကြောင်းအရင်းကို သေသေချာချာစုံစမ်းစစ်ဆေးရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအားလုံးကို တင်းတင်းကျပ်ကျပ်အပြစ်ပေးရမည်ဖြစ်ကြောင်း ၎င်း၏ရုံး၌ကျင်းပသော ဝန်ကြီးများနှင့် အစိုးရထိပ်တန်းအရာရှိများတွေ့ဆုံစည်းဝေးပွဲတွင် ဟန်က အထက်ပါအတိုင်း အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ချို့ယွင်းချက်များ

အများပြည်သူဆိုင်ရာ အဆောက်အအုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွက် လုံခြုံရေးကို ပြည့်ပြည့်ဝဝစောင့်ရှောက်မှုပေးထားသည်ဆိုခြင်းမှာ သံသယဖြစ်ဖွယ်ရှိနေကြောင်း၊ ချို့ယွင်းချက်များရှိနေဆဲဖြစ်ပါက ယင်းတို့ကို သင်ခန်းစာယူပြီး စည်းမျဉ်းစည်းကမ်းများနှင့် စနစ်များ ပြင်ဆင်မှုများကို စေ့စပ်စွာပြုလုပ်ရန်လိုအပ်ကြောင်း ဟန်က ဆက်လက်ပြောကြားခဲ့သည်။

ကျေနပ်မှုရှိအောင်

သေဆုံးသူများ သင်္ဂြိုဟ်ရေး၊ လျော်ကြေးပေးရေးနှင့် မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ထုတ်ရေးအပါအဝင် လုပ်ဆောင်ရမည့်လုပ်ငန်းများကို အစိုးရဌာနများအနေဖြင့် အမြန်ဆုံးအစွမ်းကုန်ဖြည့်ဆည်းပေးရန်လည်း ၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖေဖော်ဝါရီတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ်ဟောင်းနာဝပ်ရှုရစ်ဖ် ပါတီဝင်များအား လှုံ့ဆော်

လာဟိုး(ပါကစ္စတန်) ဇန်နဝါရီ ၁၀

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှုရစ်ဖ်က လာမည့်ဖေဖော်ဝါရီ ၁၈ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် လှုံ့ဆော်မှုများ ကြိုတင်ပြုလုပ်ကြရန် ပီအမ်အယ်လ်အင်န်ပါတီဝင်များအား ဇန်နဝါရီ၇ရက်က ဆော်သြလိုက်သည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ အဆိုပါ ပီအမ်အယ်လ်အင်န်ပါတီ၏ အဆင့်မြင့် အစည်းအဝေးတစ်ရပ်ကျင်းပပြီးနောက် နာဝပ်ရှုရစ်ဖ်က ယင်းသို့ ဆော်သြလိုက်ခြင်းဖြစ်သည်။

တပ်ဖြန့်

အဆိုပါ ရွေးကောက်ပွဲတွင် မဲလိမ်မှုများမဖြစ်စေရန် မဲရုံများ၌ နာဝပ်ရှုရစ်ဖ်က ၎င်းအပေါ် လူငယ်ထောက်ခံအားပေးသူများအား တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ပြောကြားသည်။ နိုဝင်ဘာလနှောင်းပိုင်းက စစ်ဦးစီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သော ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်က ရွေးကောက်ပွဲတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် မေတ္တာရပ်ခံထားသည်။

ရွှေ့ဆိုင်း

ရွေးကောက်ပွဲကို မူလက ဇန်နဝါရီ ၈ရက်တွင် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ဒီဇင်ဘာ၂၇ရက်က ဘာနာဇီယာဘူတို အကြမ်းဖက်လုပ်ကြံခံခဲ့ရ၍ ရွေးကောက်ပွဲကို ရက် ၄၀တိုင် ရွှေ့ဆိုင်းခဲ့သည်။

ကြိုးစားနေ

ဘူတို၏ ပါတီအခြေစိုက် ကရာချီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရက်အတန်ကြာ ရှုပ်ထွေးမှုများ ဖြစ်ပေါ်ခဲ့ရာ အစိုးရက တရားဥပဒေစိုးမိုးရေး အလျင်အမြန် ပြန်လည်ရရှိရန် ကြိုးစားနေရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မော်တော်ကားစီးရေ တစ်သိန်းကျော် ၂၀၀၇ခုနှစ်အတွင်း ဖိလစ်ပိုင်၌ရောင်းချခဲ့ရ

မနီလာ ဇန်နဝါရီ ၁၀

ဖိလစ်ပိုင် မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၀၇ ခုနှစ်အတွင်း ကားစီးရေတစ်သိန်းကျော်ရောင်းချခဲ့ရကြောင်း၊ ဆယ်စုနှစ်အတွင်းပထမဆုံး အကြိမ်အဖြစ် ရောင်းချခဲ့ရခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးမှာ ဆက်လက်တိုးတက်လာပြီး စီးပွားရေးနယ်ပယ်သည်လည်း တည်ငြိမ်မှုရှိလာပြီဖြစ်ကြောင်း ဇန်နဝါရီ၁၀ရက်က ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ရေးသားဖော်ပြ

ဖိလစ်ပိုင်မော်တော်ကား ကုမ္ပဏီသည် ကားစီးရေ ၁၀၈၀၀၀ ထုတ်လုပ်ရန် လျာထားခဲ့ရာ ၁၁၇၉၀၃စီးအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်ရှိ ချိန်ဘာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ(စီအေအမ်ပီအိုင်)နှင့်ကုန်တင်ကားထုတ်လုပ်ရေးအဖွဲ့၏ပူးတွဲ ဖော်ပြချက်ကို ကိုးကား၍ ဖိလစ်ပိုင် စတားသတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာမှုခင်း

နေရစ်တော့ကွယ် သွားတော့မယ်

ဗြိတိန်နိုင်ငံ ဆွင်ဒန်မြို့တွင် အသက်၄၄နှစ်အရွယ်ရှိ ဖိလစ်ပိုင်နိုင်ငံသား အာနယ်လ်ကာဘရီရာ အလုပ်ကိစ္စဖြင့် ရောက်ရှိနေသည်။ သူ ဗြိတိန်နိုင်ငံသို့ ရောက်တုန်း ရောက်ခိုက် ယင်းမြို့ရှိ ဂရိတ်ဝက်စတန်းဆေးရုံကြီးဆီသို့ ခြေဦးမလှည့်မိအောင် ကြိုးစားနေထိုင်ခဲ့သည်။ သို့သော်လည်း သူ့စိတ်ကိုသူ အစိုးမရနိုင်ပြန်ပေ။ မသွားမိအောင် သွားချင်သည့်စိတ်ကို ထိန်းချုပ်ထားသည့်ကြားမှ နောက်ဆုံးတွင် သူ၏ စိတ်ဆန္ဒကို သူအရှုံးပေးလိုက်ရတော့သည်။ ဆေးရုံသို့ရောက်ပြန်သောအခါတွင် ကာဘရီရာမှာ ဖြစ်ပျက်ပြီးခဲ့သမျှတို့ကို ပြန်သတိရကာ မနေ့တစ်နေ့ကနှယ် သည်းအူပြတ်မျှ ကြေကွဲဝမ်းနည်း ခံစားရပြန်တော့သည်။ ယင်းသို့ခံစားမှုများနှင့်တစ်ဆက်တည်းပင် အတိတ်ကို တရေးရေးသတိရမိပြန်လေတော့သည်။

အာနယ်လ်ကာဘရီရာ၏ဇနီး မာယာကာဘရီရာ။

အာနယ်လ်ကာဘရီရာနှင့် သားဖြစ်သူဂျက်။

ရှေ့ရေးကိုကြိုတင်ပူပန်

အချိန်ကာလအားဖြင့် လွန်ခဲ့သော ၂၀၀၂ခုနှစ်ဖြစ်သည်။ ထိုစဉ်က အာနယ်လ်ကာဘရီရာက ၃၈နှစ်အရွယ်ရှိပြီး သူ၏ချစ်ဇနီးချောဖြစ်သူ မာယာကာဘရီရာက အသက်၃၀မျှသာရှိသေးသည်။ လက်ထပ်ခဲ့သည်မှာလေးနှစ်မျှသာ ရှိသေးပြီး သားသမီးလည်း မယူကြသေးပေ။ နောင်တွင် ပွားစီးလာမည့် သားသမီးများ၏ရှေ့ရေးကို ကြိုတင်ပူပန်သော သူတို့ဇနီးမောင်နှံသည် ဇာတိနိုင်ငံ ဖိလစ်ပိုင်မှ ဗြိတိန်နိုင်ငံသို့ အလုပ်လုပ်ကိုင်ပြီး စီးပွားရှာရန် စွန့်စွန့်စားစား ထွက်လာခဲ့ကြသည်။ သူနာပြုဆရာမတစ်ဦးဖြစ်သူ ဇနီးသည်က ဆွင်ဒန်မြို့ရှိ ဂရိတ်ဝက်စတန်းဆေးရုံကြီးတွင် အလုပ်ရရှိသွားပြီး လျှပ်စစ်ပစ္စည်းကို ကျွမ်းကျင်နားလည်သောသူကမူ လျှပ်စစ်ပစ္စည်းရောင်းချသည့် ကုမ္ပဏီကြီးတွင် မန်နေဂျာအဖြစ် အလုပ်ဝင်ခဲ့လေသည်။

စောင့်မျှော်နေမိ

ဇနီးမောင်နှံနှစ်ဦးစလုံး အလုပ်ရရှိပြီး ဇနီးသည် အလုပ်လုပ်ကိုင်ရာ ဆေးရုံကြီးတွင်ပင် ၎င်းတို့နှစ်ဦး နေထိုင်ရန် တိုက်ခန်းတစ်ခန်းရရှိခဲ့လေသည်။ နှစ်ဦးစလုံးဝင်ငွေကောင်းပြီး ငွေကြေး အတော်အတန်စုဆောင်းမိပြီဖြစ်ရာ ဗြိတိန်နိုင်ငံသို့ရောက်ပြီး တစ်နှစ်အကြာတွင် သူတို့နှစ်ဦးအတွက် သားသမီး ယူခဲ့ကြတော့သည်။ ကာဘရီရာအဖို့ ၎င်းထက်ရှစ်နှစ်ငယ်သော ဇနီးချောကလေး တစ်ဦးကို ပိုင်ဆိုင်ထားရပြီး မကြာမီတွင် ရှမငြီးသည့် ချစ်စဖွယ်ရင်သွေးငယ် တစ်ဦးရရှိတော့မည့်အရေးကို တွေး၍ဝမ်းသာနေမိတော့သည်။ ဇနီးသည်ကိုလည်း ယခင်ကထက်ပို၍ဂရုစိုက်ကာ သားသမီးရရှိမည့်ရက်ကို စောင့်မျှော်နေမိတော့သည်။

ကံကောင်းခြင်းနှင့်ကံဆိုးခြင်း

သားသမီးယူပြီး တစ်နှစ်အကြာ ၂၀၀၄ခုနှစ်တွင် သူစောင့်မျှော်နေသည့် နေ့ရက်သို့ ရောက်ရှိလာတော့သည်။ ကာဘရီရာအဖို့ ကံကောင်းခြင်း လက်ဆောင်နှင့်အတူ ကံဆိုးခြင်းလက်ဆောင်ပါ ဒွန်တွဲလာမည်ကို မသိနိုင်ရှာခဲ့ပေ။ သူ၏ဇနီးသည် မာယာသည် သူ့အတွက် ဖြူဖွေးတုတ်ခိုင်သော ချစ်စရာ သားတစ်ဦးဖြစ်သူ ဂျက်ကလေးကို မွေးဖွားပေးခဲ့သည်။ သို့သော်လည်း ဖြုန်းခနဲဝမ်းသာ၊ ဗျာခနဲဝမ်းနည်း ဆိုသကဲ့သို့ ကာဘရီရာအဖို့ သူ့ဘဝ တစ်ခုလုံး ပျက်ပြုန်းသွားသကဲ့သို့ ခံစားလိုက်ရပြန်သည်။ သူ၏ ဇနီးသည် မာယာသည် သားလေးအားမွေးဖွားပြီး နာရီအနည်းငယ်အကြာတွင် နှလုံးသွေးရပ်ကာ ဆုံးပါးသွားသောကြောင့်ဖြစ်သည်။ ဇနီးသည်ခေါင်းချရာမြေတွင် ဆက်လက်မနေလိုတော့သော ကာဘရီရာသည် မွေးကင်းစသားငယ်ကို ရင်ဝယ်ပိုက်ကာ မိခင်ဖိလစ်ပိုင်နိုင်ငံသို့ ပြန်ခဲ့တော့သည်။

ဖိလစ်ပိုင်ရောက်ပြီး တစ်နှစ်အကြာတွင်မှ ဇနီးသည်ဆုံးစက ပူပူထူထူဖြင့် ဘာမျှမစဉ်းစားမိသော ကာဘရီရာသည် တစ်စုံတစ်ခုကို သတိရသွားခဲ့သည်။ တစ်စုံတစ်ရာကားအခြားမဟုတ်။ အမျိုးသမီးများမီးဖွားရာတွင် ထုံဆေးကို ခါးအောက်တွင် ထိုးရမည်ဖြစ်သော်လည်း ၎င်း၏ဇနီးမာယာကိုမူ လက်မောင်းတွင် မှားယွင်းထိုးခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်သူသည် ဗြိတိန်သို့ ပြန်လာကာ ဆေးမှားယွင်းထိုးမှုကြောင့် ဇနီးသည်သေဆုံးရမှုကို တင်ပြကာ တရားစွဲခဲ့သည်။ သို့သော်လည်း ဤဖြစ်ရပ်သည် လူတစ်သိန်းတွင်တစ်ဦးမျှသာဖြစ်လေ့ဖြစ်ထရှိသောဖြစ်ရပ်ဟု တရားရုံး၏ဆုံးဖြတ်ချက်ကြောင့် ကာဘရီရာတစ်ယောက် မည်သို့မျှ မတတ်နိုင်ခဲ့တော့ချေ။

ကံမကောင်းအကြောင်းမလှ

ကာဘရီရာမှာ အမှုစီရင်ချက်ချပြီးသည့် ဇန်နဝါရီ၇ ရက်နေ့မှ ရက်သတ္တသုံးပတ်အတွင်း ဖိလစ်ပိုင်သို့ပြန်ရမည်ဖြစ်သည်။ ကံမကောင်းအကြောင်းမလှသဖြင့် ဇနီးသည်ဆုံးကာ တရားရှုံးရသော ကာဘရီရာအဖို့ ၎င်းအား ထာဝရကျောခိုင်းသွားပြီး ဗြိတိန်နိုင်ငံတွင် ထာဝရအိပ်စက်အနားယူသွားခဲ့သည့် ချစ်ဇနီးအား နေရစ်တော့ကွယ် သွားတော့မယ်ဟု နှုတ်ဆက်ခဲ့ရုံမှတစ်ပါး။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

တရုတ်၌ ပင်မင်းဆိုင် မီးလောင်မှု ဖြစ်ပွား

ဟွတ်ဟော့ ဇန်နဝါရီ ၁၀

တရုတ်နိုင်ငံမြောက်ပိုင်းရှိ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဇန်နဝါရီ၇ ရက်က ပင်မင်းဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ကပြောကြားသည်။

ငြိမ်းသတ်

ယင်းမီးလောင်မှုသည် ဇန်နဝါရီ ၇ ရက် နံနက် ၁နာရီခန့်က အဆောက်အအုံပထမထပ်၌ ဖြစ်ပွားခဲ့ပြီး နံနက် ၂ နာရီ မိနစ် ၅၀ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထူးခြားဖြစ်စဉ်ကမ္ဘာတစ်ခွင်

ပျက်စီး ဆုံးရှုံးမှု

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၉ ရက်က အထပ်မြင့် အဆောက်အအုံတစ်ခု၏ ၅၂ ထပ်၌ မီးလောင်မှု ဖြစ်ပွားခဲ့ရာ ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

(ယာပုံ)

- *ကနေဒါနိုင်ငံ ဂါဘရီရိုလာကျွန်း ကမ်းလွန်တွင် ဇန်နဝါရီ ၉ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ငါးဖမ်းစက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိသည်။*
- **တရုတ်နိုင်ငံအရှေ့ပိုင်း ဆန်ဘင်းမြို့တွင် ဇန်နဝါရီ ၉ ရက်က မီးရှူးမီးပန်းစက်ရုံတစ်ရုံ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။**
- *အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော အိုကလာဟိုးမား၊ အာကင်ဆက်စ်နှင့် မစ်ဆူရီပြည်နယ်များတွင် ဇန်နဝါရီ ၁၀ ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ ခြောက်ဦးသေဆုံးခဲ့သည်။*
- **အမေရိကန်နိုင်ငံ ဟူစတန်ပြည်နယ်တွင် ဇန်နဝါရီ ၉ ရက်က ခွေးတစ်ကောင်နှင့်အတူ အမဲလိုက်ရန် မော်တော်ယာဉ်တစ်စီးဖြင့်ထွက်လာသူတစ်ဦးသည် ခွေးကြောင့် သေနတ်မောင်းပြုတ်ပြီး ကျည်ဆန်ထွက်ခဲ့သဖြင့် သေဆုံးခဲ့ရသည်။**
- *အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တောင်ဘက် မိုင် ၈၀ ခန့်အကွာရှိ မြစ်တစ်ခုအတွင်း ဇန်နဝါရီ ၁၀ ရက်က စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ရှစ်ဦးသေဆုံးပြီး ငါးဦး ပျောက်ဆုံးလျက်ရှိသည်။*
- **ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဇန်နဝါရီ ၁၀ ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထုသုံးပေခန့်အထိရှိခဲ့သည်။**
- *အာဂျင်တီးနားနိုင်ငံ ဆန်ဂျွန်မြို့တွင် ကုန်တင်ယာဉ်တစ်စီးနှင့် ဘတ်စ်ကားတစ်စီးတို့တိုက်မိခဲ့ရာ ခြောက်ဦးပွဲချင်းပြီးသေဆုံးပြီး လူ၂၀ ဒဏ်ရာရရှိခဲ့သည်။*

မစ္စစ်ဘူတို ကွယ်လွန်ပြီးနောက်

ပါကစ္စတန်၏အခြေအနေ

လာဟိုး ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့တွင် ယမန်နေ့က အသေခံဗုံးခွဲသဖြင့် အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၆၀ ခန့် ဒဏ်ရာရသွားသည်။ အများစုမှာ ရဲအရာရှိများဖြစ်သည်။

အသေခံဗုံးခွဲတိုက်ခိုက်သူက အစိုးရဆန့်ကျင်ရေးကန့်ကွက်ဆန္ဒပြပွဲ မစမီ လာဟိုးမြို့တရားရုံးချုပ် အပြင်ဘက်တွင် စုဝေးနေသော ရဲတပ်ဖွဲ့ဝင်များကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်။

မျက်မြင်တွေ့သူတို့၏ အပြောအရ အသေခံဗုံးခွဲသူသည် စက်ဘီးစီးပြီး ရောက်လာသည့် လူငယ်တစ်ဦးဖြစ်သည်။ တရားရုံးချုပ်ရှေ့သို့ရောက်ရှိလာပြီး စက်ဘီးကိုထိုနေရာ၌ ထောင်ထားခဲ့ကာ ရဲတပ်ဖွဲ့ဝင်များစုရုံးရာသို့ လမ်းလျှောက်ရင်း ခလုတ်ဖြုတ်အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ အချိန်မှာ တရားရုံးချုပ်၌ အလုပ်များနေသည့် ဒေသစံတော်ချိန် မွန်းတည့်ချိန်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၌ နိုင်ငံရေးတင်းမာမှု ပေါ်ပေါက်နေစဉ် ယင်းသို့ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲဆွယ်နေစဉ် ဒီဇင်ဘာ ၂၇ ရက်နေ့က ရာဝါပင်ဒီမြို့၌ အတိုက်အခံခေါင်းဆောင် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတိုမှာ လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ အသေခံလုပ်ကြံသတ်ဖြတ်ခြင်းပင်ဖြစ်သည်။ ထိုလုပ်ကြံမှုတွင် မစ္စစ်ဘူတိုနှင့်အတူ လူ၂၀ သေဆုံးခဲ့သည်။

ထိုသို့ မစ္စစ်ဘူတို လုပ်ကြံခံလိုက်ရသည့်အတွက် သူ့ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)ဝင်များ၊ ထောက်ခံသူများက ဆူပူအုံကြွကြသဖြင့် အဓိကရုဏ်းများဖြစ်ကာ သေကျေဆုံးရှုံးမှုများရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် မကြုံစဖူးအောင် နိုင်ငံရေးတင်းမာမှုပေါ်ပေါက်လာသည်။ ထိုသို့သော အချိန်တွင် ယခုလိုအသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု၊ အနာတရဒဏ်ရာရမှုများ ဖြစ်ရသည်။

ဆန္ဒပြဖျက်ဆီးသူများကြောင့် ရွေးကောက်ပွဲကော်မရှင်က လုပ်ငန်းများထိခိုက်ကြောင်း၊ လက်ရှိအခြေအနေအရ မူလအစီအစဉ်အတိုင်း ဇန်နဝါရီ၈ရက်တွင် ရွေးကောက်ပွဲကျင်းပရန် မဖြစ်နိုင်တော့ကြောင်း ကြေညာပြီး ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်သို့ ရွှေ့ဆိုင်းလိုက်သည်။

နိုင်ငံရေးပါတီများကမူ ရွေးကောက်ပွဲကို မူလအစီအစဉ်အတိုင်း ကျင်းပပေးရန် တောင်းဆိုခဲ့ကြသေးသည်။

ပီပီပီခေါင်းဆောင် မစ္စစ်ဘူတိုမှာ ရွေးကောက်ပွဲမဲဆွယ်စဉ် လူထုအစည်းအဝေးပွဲအပြီး၌ ဒီဇင်ဘာ ၂၇ရက်က လုပ်ကြံခံရသဖြင့် သေဆုံးသွားရခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် မစ္စစ်ဘူတိုအား အဂတိလိုက်စားမှုစွဲချက်များမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ပြီးခဲ့သောနှစ် အောက်တိုဘာ ၁၈ ရက်က ပြည်ပမှ အမိနိုင်ငံသို့ ပြန်ရောက်လာသူဝန်ကြီးချုပ်ဟောင်း မစ္စစ်ဘူတိုအား ကရာချိမြို့အတွင်း သူစီးနင်းလိုက်ပါလာသည့် ယာဉ်တန်းကို အသေခံဗုံးခွဲသဖြင့် လူပေါင်း ၁၃၀ ကျော်သေဆုံးရသည်။

ပါကစ္စတန်နိုင်ငံ၌ ယခုအခါ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲ အနိုင်ရရေး တာစူလျက်ရှိသည်။ မစ္စစ်ဘူတို၏ ပီပီပီပါတီတွင် ပါတီခေါင်းဆောင်အဖြစ် ၎င်း၏သားကြီး အသက် ၁၉ နှစ်အရွယ် ဘီလာဝါးဘူတိုအား ရွေးချယ်လိုက်သည်။ ပါတီခေါင်းဆောင်ဆိုသော်လည်း အောက်စဖို့ဒ်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ပြီး ပညာပြည့်စုံမှ လက်တွေ့ဦးဆောင်ရန် ရည်ရွယ်သည်။ လောလောဆယ်တွင် ဖခင်ဖြစ်သူ အလီဇာဒါရီက ပါတီကို ဦးဆောင်ပေမည်။

ပါကစ္စတန်၌ အသေခံဗုံးခွဲမှုများ မကြာသေးမီကပင် ကြုံတွေ့ခဲ့ရသည်။ သာဓကများမှာ ၂၀၀၇ ခုနှစ် ဧပြီ ၂၈ ရက်က အနောက်မြောက် ဖရွန်တီယာပြည်နယ်၌ အသေခံဗုံးခွဲ၍ အနည်းဆုံး ၂၂ ဦး၊ ဇူလိုင် ၁၄ ရက်က အနောက်မြောက်ပိုင်းတွင် အသေခံဗုံးခွဲ၍ တပ်ဖွဲ့ဝင် ၂၄ ဦး၊ နိုဝင်ဘာ ၂၄ ရက်က ရဝါပင်ဒီမြို့၌ အသေခံကားဗုံးခွဲသဖြင့် အနည်းဆုံး လူ ၃၀၊ ဒီဇင်ဘာ ၂၁ ရက်က အနောက်မြောက်ပိုင်းတွင် အသေခံတိုက်ခိုက်သဖြင့် အနည်းဆုံး လူ ၅၀ သေဆုံးခဲ့ပြီးဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက် အသေခံဗုံးခွဲမှုများမှာ ၂၀၀၇ခုနှစ်ကတည်းက များပြားလာခြင်းဖြစ်သည်။ အကြိမ်ပေါင်း ၅၀ ကျော်ပြီး လူ ၃၀၀၀ ထက်မနည်း သေဆုံးခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ အနာဂတ်သည် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး၏ သော့ချက်တစ်ခုဖြစ်သည်။ ။

သတင်း-အက်ဆေး

တိုး-စုစည်းရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၁၀

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ် ပြည်နယ် ရန်ဂါခရိုင်တွင် ဇန်နဝါရီ ၁၀ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ ရန်ဂါခရိုင်ရှိ စာသင်ကျောင်းအနီး၌ ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နာရာသီဝပ်၊ ယာလာနှင့် ပါတ္တနီပြည်နယ်များ၌ ၂၀၀၄ ခုနှစ်မှစတင်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံ ၂၈၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

အစ္စရေးသို့ ဂါဇာမှ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

အစ္စရေးနိုင်ငံ နီဂေ့ဗ်မြို့အနောက်ပိုင်းသို့ ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

ထိုသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုမှာ အစ္စရေးတို့က ယခုရက်ပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသအား လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့်ဖြစ်သည်။ အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်ခဲ့ရာတွင် ပါလက်စတိုင်းအရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်။

ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်

ကမ္ဘာ့စီးပွားရေးသည် ၂၀၀၈ ခုနှစ်၌ ပုံမှန်အနေအထားရှိနေမည်ဖြစ်ကြောင်း၊ သို့သော်စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အရာရှိများက သတိပေးပြောကြားလိုက်သည်။

၂၀၀၇ ခုနှစ်က ကမ္ဘာ့စီးပွားရေးသည် ၁ ဒသမ ၆ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်ဒေါ်လာငွေကြေး ကျဆင်းမှု၊ ရေနံဈေးနှုန်း မတည်ငြိမ်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကုလထောက်ပံ့ရေးယာဉ်တန်း ဆူဒန်၌တိုက်ခိုက်ခံရ

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့မှ ထောက်ပံ့ရေးယာဉ်တန်းကို လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။

ထိုသို့ တိုက်ခိုက်ခြင်းမှာ လက်နက်ကိုင်သူပုန်များ လက်ချက်ဖြစ်ပြီး ဒါဖာဒေသသို့လူသားချင်းစာနာထောက်ထားမှုအတွက် ထောက်ပံ့ခြင်းကို အဖျက်အမှောင့်ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အင်ဒိုသမ္မတဟောင်းဆူဟာတို ကျန်းမာရေးဆိုးရွား

အင်ဒိုနီးရှားသမ္မတဟောင်းဆူဟာတို၏ ကျန်းမာရေးအခြေအနေမှာ ပြန်လည်ကောင်းမွန်ရန်အခွင့်အလမ်းနည်းပါးလျက်ရှိကြောင်း အင်ဒိုနီးရှား မီဒီယာများကဖော်ပြသည်။

အသက် ၈၆နှစ်အရွယ်ရှိ အင်ဒိုနီးရှားသမ္မတဟောင်း ဆူဟာတိုသည် နှလုံးရောဂါ၊ကျောက်ကပ်ရောဂါများ ဆိုးရွားစွာ ခံစားနေရသဖြင့် ဆေးရုံ၌ အရေးပေါ်ကုသမှု ခံယူနေရသည်။

အရှေ့အလယ်ပိုင်း၌ ရင်းနှီးမြှုပ်နှံရန်တိုက်တွန်း

အရှေ့အလယ်ပိုင်းဒေသနိုင်ငံများအနေဖြင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) က တိုက်တွန်းလိုက်သည်။

ဒေသတွင်းစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုမှ ဒေသတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်မြှုပ်နှံမှုပြုလုပ်ကြရန် ဂျီစီစီက ပြောကြားခြင်းဖြစ်သည်။

လက်ဘနွန်၌ လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ တောင်ဘက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုသည် ဒုတိယအကြိမ်ဖြစ်ပြီး စစ်သွေးကြွ တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်ကြောင်း လက်ဘနွန် အရာရှိများက ပြောကြားသည်။

အေပက်အစည်းအဝေးကျင်းပမည်

အာရှ–ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) အစည်းအဝေးကို လာမည့်ဖေဖော်ဝါရီလတွင် ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပမည်ဖြစ်ကြောင်း အေပက်အဖွဲ့က သတင်းထုတ်ပြန်သည်။

အေပက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို လက်ရှိနှုန်းထားထက်အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ မကြာမီကျင်းပမည့် အေပက်အစည်းအဝေး၌ အသေးစိတ် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အေပက်အဖွဲ့မှ အရာရှိများက ပြောကြားသည်။

မြန်မာ့အလင်း

သူတို့ ဤသို့ ခံစားဖွင့်ဟကြသည်

ကွင်းဆင်းမေးမြန်းရေးသားသူ - မောင်ချစ်ကြည် စာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

မြန်မာပန်းချီဆရာတို့၏ လက်ရာ

ရန်ကုန် ဇန်နဝါရီ ၁၀

"လက်ရာကောင်းဖို့ထက် ကိုယ်ပိုင်ဟန်ရှိဖို့ လိုအပ်တယ်"
ပန်းချီဆရာ မင်းဝေအောင်

မြန်မာ့ပန်းချီ လောကမှာမြန်မာ ပန်းချီဆရာတွေ အရင်ကထက်ပိုများလာပါတယ်။ မြန်မာ့ ပန်းချီအနုပညာဟာအရင်ကထက် ပိုမိုဖွံ့ဖြိုးလာတာကတော့ အမှန်ပါပဲ။ ပန်းချီပြပွဲတွေဆိုရင် အရင်ကထက် ပိုပြီးလုပ်လာနိုင်ကြတယ်။ ဒါဟာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာပန်းချီဆရာတွေဟာ လက်ရာမကောင်း ကောင်းအောင် လိုက်နေကြတယ်လို့ မြင်တယ်။ ဒီလိုပါပဲ ပြည်တွင်းမှာ လက်ရာကောင်းကိုပဲ လူတွေကသဘောကျပြီး နှစ်သက်တဲ့လူတွေ ရှိနေပါတယ်။

ပြည်ပအနုပညာဈေးကွက်မှာတော့ လက်ရာကောင်းတာက အဓိက မကျဘူး၊ အတွေးအခေါ် အယူအဆတွေက စကားပြောလာတယ်။ အဲဒီအတွေးအခေါ် အယူအဆတွေဟာ ကိုယ်ပိုင်ဖြစ်ဖို့ လိုအပ်ပါတယ်။ ကမ္ဘာမှာ ပန်းချီလက်ရာကောင်းတဲ့သူတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် သူတို့တွေနာမည်မကြီးဘူး၊ ဒါဟာ အတွေးအခေါ်နဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ပန်းချီကားတွေ ဖန်တီးနိုင်မှု အားနည်းလို့ပါပဲ။

ဒါကြောင့်မို့ မြန်မာပန်းချီဆရာတွေအနေနဲ့ လက်ရာကောင်းဖို့နောက် လိုက်နေမယ့်အစား ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်အယူအဆတွေနဲ့ ပေါင်းစပ်ပြီး ပန်းချီကားတစ်ခု ဖန်တီးတတ်တဲ့အလေ့အကျင့်ကောင်း မွေးမြူကြဖို့တော့ အကြံပြုချင်ပါတယ်။

ဒီနေ့ခေတ်ဟာ ကမ္ဘာလုံး လွှမ်းခြုံပေါင်းစပ်နေပြီဖြစ်တဲ့ အနေအထားရောက်နေပြီဖြစ်တာမို့ နိုင်ငံတကာ ပန်းချီအနုပညာရဲ့အခြေအနေကို ကြည့်ရင် လက်ရာဟာ အဓိက မကျတော့ပါဘူး။ မြန်မာပန်းချီဆရာလေးတွေ ကြိုးစားကြပါတယ်။ အားထုတ်မှုလဲ ရှိကြပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်ဟန်ရှိကြဖို့လိုမယ်လို့ ထင်ပါတယ်။

နိုင်ငံတကာ ပန်းချီဈေးကွက်မှာ အောင်မြင်နေတဲ့ ပြည်ပက ပန်းချီဆရာတွေရဲ့ လက်ရာကိုကြည့်ရင် ကိုယ်ပိုင်ဟန်တွေနဲ့ ရေးထားကြတာချည်း တွေ့ရမှာဖြစ်ပါတယ်။ ပန်းချီကားတစ်ခုစီအလိုက် အတွေးအခေါ် တွေရှိတယ်။ ခံစားလို့ရတယ်။

ဒီနေ့ခေတ်ဟာ ပန်းချီအနုပညာနဲ့ ပတ်သက်ပြီး အခွင့်အလမ်းတွေ ပေါများပါတယ်။ ကိုယ့်ဘက်က ကြိုးစားရင်ကြိုးစားနိုင်သလောက် အခွင့်အလမ်းတွေက ကိုယ့်လက်တစ်ကမ်းမှာရှိနေပါတယ်။ ဈေးကွက်အလိုကျသာလိုက်နေရင် ရေရှည်ရပ်တည်ဖို့တော့ မလွယ်ပါဘူး။

မြန်မာပန်းချီဆရာတွေရဲ့ လက်ရာနဲ့ ပြည်ပက ပန်းချီဆရာတွေရဲ့ လက်ရာတွေကို နှိုင်းယှဉ်ကြည့်ရင် လက်ရာအနေနဲ့ကွာခြားမှုမရှိပါဘူး။ စိတ်ကူး၊ အတွေးအခေါ် အယူအဆတွေပဲ ကွာခြားသွားကြတာပါ။ လက်ရာဆိုတာ လေ့ကျင့်တာကောင်းရင် ကောင်းသလောက် လက်ရာကောင်း လာမှာပါပဲ။ ဒါပေမယ့်စိတ်ကူး၊ အတွေးအခေါ်တွေကတော့ လေ့ကျင့်ယူလို့ မရပါဘူး။

ဖြစ်သင့်တာကတော့ လက်ရာအပေါ်မှာ ကိုယ်ပိုင်အတွေးအခေါ် အယူအဆတွေ ပေါင်းစပ်ထည့်သွင်းမှ ဖြစ်မှာပါ။ ဒါကြောင့် လက်ရာကောင်းတယ်ဆိုတဲ့ အပေါ်မှာ ကျေနပ် ရပ်တန့်မနေသင့်ဘဲ ကိုယ်ပိုင်ဟန်နဲ့ ရပ်တည်နိုင်အောင် ကြိုးစားကြဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ ။

ယနေ့ အနေ့းယာဉ်လောက

"နေ့တွက် ကိုက်အောင်တော့ ကြိုးစားနေရတာပါပဲ"
ကိုဝင်းကျော်(ခ)ထားဝယ်
ရန်ကင်းမြို့နယ် အနေ့းယာဉ်ဂိတ် အမှတ်(၂၁)

ကျွန်တော်တို့ အနေ့းယာဉ်လောကအနေအထားကိုပြောရရင်တော့ လောလောဆယ်မှာ ခရီးသည်စီးနင်းမှု ပါးနေပါတယ်။ ဒါကလဲ လွန်ခဲ့တဲ့ လေးနှစ်၊ ငါးနှစ်လောက် အခြေအနေနဲ့ ချိန်ထိုး ကြည့်တာပါ။ အဲဒီနှစ်တွေတုန်းကတော့ အနေ့းယာဉ်စီးတာများပါတယ်။ ကျွန်တော်တို့ဂိတ်မှာဆိုရင် အဲဒီတုန်းက ရန်ကင်းဈေးနဲ့ စက်မှု(၁) ခရီးဆိုရင် တစ်ဦးကို ငွေကျပ် ၃၀နဲ့ ဆိုက်ကားတစ်စီးလုံးဆိုရင် ငွေကျပ် ၅၀ ရခဲ့ပါတယ်။ အခု အဲဒီခရီးကို ခရီးသည်တစ်ဦး ငွေကျပ် ၃၀၀နဲ့ ဆိုက်ကားတစ်စီးလုံးဆိုရင် ငွေ ၅၀၀ ကျပ် ရပေမယ့် စီးသူနည်းသွားပါတယ်။ လွန်ခဲ့တဲ့လေးနှစ်၊ ငါးနှစ်ကအံ့နာကြေးဆိုရင် တစ်ရက်ကိုငွေကျပ် ၁၅၀ပဲ ပေးရတာ အခုဆိုရင် အံ့နာကြေးက တစ်ရက်ကို ငွေကျပ် ၁၀၀၀ ပေးရတယ်။ ကျွန်တော်တို့ အနေ့းယာဉ်သမားတွေအနေနဲ့ ပြင်ဆင်မှုစရိတ်၊ အံ့နာစရိတ်တွေ တိုးလာသလို တစ်ဖက်ကလည်း လုပ်အားခတွေ တိုးမြှင့်ယူရတာတွေ ရှိတာမို့ အရင်ကဝင်ငွေနဲ့ သိပ်တော့ ကွာခြားမှုတော့မရှိပါဘူး။

ကျွန်တော်ဆိုရင် တစ်နေ့ကို လုပ်အားခ ငွေကျပ်၃၀၀၀လောက်ရအောင် ကြိုးစားရှာရပါတယ်။ ရတဲ့နေ့လည်းရှိ မရတဲ့နေ့လည်းရှိတာပါပဲ။ ဒါပေမယ့် ဒိပြင် နေ့စားအလုပ်တွေနဲ့ ယှဉ်ရင်တော့ ကျွန်တော်တို့ အနေ့းယာဉ်အလုပ်က မဆိုးဘူးလို့ ပြောရမှာပါ။

အနေ့းယာဉ်လုပ်သားတွေမှာ နေ့နင်းတဲ့လူနဲ့ ညပိုင်းနင်းတဲ့လူတွေဆိုပြီး ရှိကြပါတယ်။ ကျွန်တော်ကတော့ တစ်လစာ၊ ခြောက်လစာ ပုတ်ပြတ်ယူထားတာမို့ တချို့ရက်တွေမှာ မနက် ၇နာရီကနေပြီး ည ၁၁နာရီအထိ နင်းပါတယ်။

ကျွန်တော်တို့ ဂိတ်မှာ အရင်က ဆိုက်ကား ၂၄ စီးရှိပေမယ့် အခု ၁၄စီးပဲ ရှိတော့တယ်။ နေ့စဉ်ပုံမှန်ဝင်ငွေ မရတဲ့နေ့တွေလဲရှိတော့ ဒီထက် ဝင်ငွေကောင်းတဲ့အလုပ်တွေ ပြောင်းလုပ်တာတွေ ရှိလာတယ်။ ဒီကြားထဲမှာ အနေ့းယာဉ်စည်းကမ်း ဖောက်ဖျက်ရင် ဒဏ်ငွေဆောင်ရတာတွေလဲ ရှိပါတယ်။

ဒီနေ့ အနေ့းယာဉ်လောကကို ကျွန်တော့်အနေနဲ့ ခြုံပြီးပြောရရင်တော့ စားဝတ်နေရေး လည်ပတ်ရုံလောက်တော့ ရနေပါတယ်။ ဒါပေမယ့် နေ့စဉ်ပုံမှန် ဝင်ငွေရအောင်တော့ အတော်လေးကြိုးစားရပါတယ်။ ဒါကလည်း စီးနင်းတဲ့ ခရီးသည် အရေအတွက် အရင်ကထက် နည်းပါးသွားတာ အဓိကကျနေပါတယ်။ ။

ရုပ်ရှင်အနုပညာနှင့် ခရီးသွားပရိုဂရမ်

"ခရီးသွား ပရိုဂရမ် ရိုက်ကူးရတာ လွတ်လပ်တယ်"
သရုပ်ဆောင် လွင်မိုး

မြန်မာနိုင်ငံရဲ့ ရုပ်ရှင်ကဏ္ဍအခြေအနေ၊ ရုပ်ရှင်နဲ့ ခရီးသွားခြင်းတို့ရဲ့ အနေအထားတွေအပေါ် ရုပ်ရှင် သရုပ်ဆောင်လွင်မိုးက သူ့ရဲ့ ဆန္ဒ၊ သူ့ရဲ့ သဘောထားကို ဒီလိုပြောပြပါတယ်။

မြန်မာနိုင်ငံရဲ့ ရုပ်ရှင်အနေအထားကိုကြည့်ရင် ရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကား အရေအတွက် တဖြည်းဖြည်း လျော့နည်းလာတာဟာ နည်းပညာကြောင့်ပါပဲ။ ရုပ်ရှင်လို့သာ သီးသန့် ကဏ္ဍတစ်ခုအနေနဲ့ ကွက်ပြီးကြည့်နေလို့သာ ရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကား အရေအတွက် နည်းနေတယ်လို့ ပြောရတာပါ။ နည်းပညာတွေ တိုးတက်လာမှုကြောင့် ပြောင်းလဲလာတဲ့ ဒီဂျစ်တယ်ဗီဒီယိုနဲ့ ရိုးရိုးဗီဒီယို ဇာတ်ကားတွေကတော့ တစ်နှစ်ကို ၈၀၀လောက် ထွက်နေပါတယ်။ ဒါဟာ ရိုက်ကူးထုတ်လုပ်တဲ့နည်းပညာနဲ့ ရုပ်ရှင်ဗီဒီယိုကဏ္ဍရဲ့တိုးတက်မှုတစ်ခုလို့ ပြောရင်ရပါတယ်။

နောက်ပြီး ရုပ်ရှင်အနုပညာနယ်ပယ်မှာ အနုပညာမျိုးဆက်သစ်တွေ အများကြီးရှိနေပါတယ်။ အဲဒီအနုပညာမျိုးဆက်သစ်လေးတွေကို ပိုမိုတောက်ပြောင်လာအောင် ပြုလုပ်ပေးနိုင်ရင် ရုပ်ရှင်အနုပညာမျိုးဆက်သစ်တွေဟာ တကယ့်ကို အရည်အချင်းပြည့်ဝတဲ့ အနုပညာရှင်တွေ ဖြစ်လာပါလိမ့်မယ်။

ဒီလိုပါပဲ ဗီဒီယိုဇာတ်ကားတွေရိုက်ကူးနေတဲ့ဒါရိုက်တာ၊ ဝတ္ထု၊ ဇာတ်ညွှန်းနဲ့ သရုပ်ဆောင်တွေဟာ အခုဆိုရင် ကိုယ့်နည်း၊ကိုယ့်ဟန်၊ ကိုယ့်ကြိုးစားမှုနဲ့ ဝင်ရောက်ရိုက်ကူးနေရတာမို့ ရုပ်ရှင်ကဏ္ဍ၊ ဗီဒီယိုကဏ္ဍဆိုပြီး ခွဲခြားနေမယ့်အစား အခုလက်ရှိလုပ်ကိုင်လည်ပတ်နေတဲ့ အနုပညာလုပ်ငန်းအတွင်းက အကျယ်ပြန့်ဆုံးတစ်ခုကို အကောင်းဆုံး အရည်အသွေးတွေဖြစ်လာအောင် ဝိုင်းဝန်းပံ့ပိုးမွမ်းမံပေးလိုက်တာဟာ အကောင်းဆုံးပါပဲ။

ခရီးသွားခြင်းပရိုဂရမ်ကို ရိုက်ကူးဖြစ်တာက ရုပ်ရှင်မင်းသားဘဝနဲ့ ရုပ်ရှင်ကားတွေရိုက်ကူးစဉ်က ခရီးတွေသွားပြီး ရိုက်ကူးခဲ့ရတာကနေပြီး ခရီးသွားခြင်း အစီအစဉ်ကို ရိုက်ကူးဖို့ စိတ်ဝင်စားခဲ့တာပါ။

ရုပ်ရှင်ရိုက်ကူးတာနဲ့ ခရီးသွားခြင်းပရိုဂရမ် ရိုက်ကူးတာ မတူပါဘူး။ ရုပ်ရှင်ရိုက်တယ်ဆိုတာ ဇာတ်အိမ်၊ ဇာတ်ညွှန်းအရ လိုက်ဖက်တဲ့ မြို့ရွာတွေနဲ့ ဒေသတွေကို သွားပြီးရိုက်ကူးရတာ ဘောင်နဲ့ကန့်သတ်မှု ရှိနေတယ်။ ဒီတော့ ဇာတ်အိမ်၊ ဇာတ်လမ်းရဲ့စည်းကမ်းဘောင်အပြင်ဘက်ကို ကျော်ထွက်လို့ မရဘူးပေါ့။

ခရီးသွားပရိုဂရမ်ကတော့ ကိုယ်သွားချင်တဲ့နေရာ၊ ကိုယ်သွားချင်တဲ့ တိုင်းရင်းသားတွေဆီကိုသွားပြီး လွတ်လွတ်လပ်လပ်အနှောင်အဖွဲ့မရှိ ရိုက်ကူးရတာဆိုတော့ ခံစားမှုချင်းမတူသလို၊ ရိုက်ကူးရမှုလည်း မတူပါဘူး။

တိုင်းရင်းသားလူမျိုးတွေရဲ့ဓလေ့၊ သူတို့ရဲ့ နေ့စဉ်နေထိုင်မှုဘဝ၊ ယဉ်ကျေးမှုနဲ့ ကိုယ်သိလိုတဲ့၊ တင်ပြလိုတဲ့ အကြောင်းအရာကို စိတ်ကြိုက်တင်ပြလို့လဲရတယ်။ နောက်ပြီး သဘာဝပတ်ဝန်းကျင်ရဲ့ ထူးခြားတဲ့မြင်ကွင်းတွေကို စိတ်တိုင်းကျ ရိုက်ကူးတင်ပြလို့ ရပါတယ်။ ပရိသတ်ကိုတင်ပြတဲ့အခါမှာလဲ ခရီးသွားခြင်းပရိုဂရမ် ဖြစ်တာမို့ ပရိသတ်တွေ ကိုယ်နဲ့အတူခရီးသွားနေတဲ့အတိုင်း ပေါ့ပေါ့ပါးပါးနဲ့တကယ့် သဘာဝမြင်ကွင်းတွေ ခံစားလို့ရအောင် ရိုက်ကူးရတာမို့ လွတ်လပ်မှုရှိပါတယ်။ ဒါကြောင့်မို့ ရုပ်ရှင်ရိုက်ကူးခြင်းနဲ့ ခရီးသွားပရိုဂရမ်ဟာ ကွဲပြားမှု ရှိနေပါတယ်။ ။

ဓာတ်ပုံပညာနှင့် မြန်မာ

"ဓာတ်ပုံလောက ဖွံ့ဖြိုးလာတာကတော့ အမှန်ပါပဲ"
စိန်မျိုးမြင့်
ဓာတ်ပုံပညာရှင်

မြန်မာနိုင်ငံရဲ့ ဓာတ်ပုံပညာ ဖွံ့ဖြိုးတိုးတက်မှု အနေအထားကို ကြည့်ရင် ဒီဂျစ်တယ်စနစ် အပြောင်းမှာ တစ်ရှိန်ထိုး ဖွံ့ဖြိုးလာတာကို တွေ့ရမှာပါ။ အိမ်တစ်အိမ်စီမှာ အခုဆိုရင် အပျော်တမ်း ရိုက်ကူးလို့ရတဲ့ ကင်မရာလေး တစ်လုံးလောက်တော့ ရှိနေကြတဲ့ အိမ်တွေ များနေပါပြီ။ ဒါက ဘာလဲဆိုတော့ ဒီဂျစ်တယ် ကင်မရာတွေဟာ ရိုက်ကူးရတာ လွယ်ကူသလို၊ သယ်ဆောင်ရတာလဲ လွယ်ကူလို့ပါပဲ။

ဒါ့အပြင် ဓာတ်ပုံတစ်ပုံ ထွက်ရှိဖို့ဆိုတာ ရိုက်သူအနေနဲ့ ဘာမှထွေထွေထူးထူး တတ်စရာမလိုအောင် ဒီနေ့ခေတ် ဒီဂျစ်တယ်ကင်မရာတွေက ပံ့ပိုးပေးထားလို့ပဲ ဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ဖို့ သင်တန်းတက်စရာ မလိုသလို ဖလင်ကူးဆေးဖို့ အတတ်ပညာ ရှိစရာလဲ မလိုတော့လို့ပါပဲ။

ဒါပေမယ့် ဓာတ်ပုံပညာ သင်တန်းတက် လေ့လာပြီး အချိန်ပေးရိုက်ယူမှ တိုးတက်လာမှာ ဖြစ်သလို ဓာတ်ပုံကောင်းတွေလဲ ထွက်ရှိပါလိမ့်မယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဓာတ်ပုံပညာ သင်တန်းတွေ ဒီထက်ပိုဖွင့်ပြီး ဓာတ်ပုံပညာကို စိတ်ဝင်စားတဲ့ လူငယ်တွေ သင်တန်းတက်နိုင်ကြရင် ကောင်းမယ်။

အခုခေတ်က ဓာတ်ပုံကူးတဲ့စက်တွေလဲ ခေတ်မီလာတယ်။ အရင်က ရန်ကုန်မြို့မှာသာရှိတဲ့ ဓာတ်ပုံကူးစက်တွေဟာ အခုဆိုရင် မြန်မာနိုင်ငံ မြို့ကြီးတွေမှာ အလတ်စား ဓာတ်ပုံကူးစက်တွေ ရောက်ရှိနေပြီဖြစ်လို့ ဓာတ်ပုံတွေ ရရှိဖို့အတွက် အရမ်းလွယ်ကူ အဆင်ပြေလာပြီ ဖြစ်ပါတယ်။

အရင်က ဓာတ်ပုံကူးစက်တွေထက်ပိုကောင်းတဲ့ ခေတ်မီဓာတ်ပုံကူးစက်ကြီးတွေဟာ အခုဆိုရင် ရန်ကုန်နဲ့မန္တလေးမြို့တွေမှာ ရောက်ရှိနေပြီဖြစ်လို့ ဓာတ်ပုံလုပ်ငန်းတွေကလဲ အများကြီးဖွံ့ဖြိုးတိုးတက်လာသလို ဓာတ်ပုံတွေဟာ နိုင်ငံတကာအဆင့်မီလာပါတယ်။

နောက်ပြီး မြန်မာဓာတ်ပုံဆရာတွေ ကံကောင်းတာက နိုင်ငံအတွင်းမှာ သဘာဝရှုခင်း၊ မြန်မာ့ရေးဟောင်း ယဉ်ကျေးမှု အနုပညာလက်ရာတွေနဲ့ သဘာဝအတိုင်း တည်ရှိနေသေးတဲ့ သဘာဝအလှတရားတွေဟာ ပေါများကြွယ်ဝနေခြင်းပါပဲ။ ပုဂံနဲ့ ရခိုင်ပြည်နယ်တွေမှာ ခေတ်ဟောင်းအမွေအနှစ်တွေ ပေါများတာမို့ ရိုက်ကွင်း၊ ရိုက်ကွက်တွေ ပေါများပါတယ်။

အင်္ဂလန်မှာရှိတဲ့ တော်ဝင်ဓာတ်ပုံအသင်းက မကြာမီက ဆုချီးမြှင့်တဲ့ ဓာတ်ပုံဟာ နိုင်ငံခြားသားဓာတ်ပုံဆရာတစ်ဦး ရိုက်ယူခဲ့တဲ့ မြန်မာ့အလှ ဓာတ်ပုံနဲ့ ဖြစ်ပါတယ်။ နောက်ပြီး အာရှနိုင်ငံအတော်များများမှာ ထုတ်ဝေနေတဲ့ စာစောင်တွေမှာ မြန်မာ့အလှ ရှုခင်းဓာတ်ပုံတွေ အများကြီးဖော်ပြထားတာ တွေ့ရတယ်။

ဒါကြောင့် မြန်မာဓာတ်ပုံပညာရှင်တွေဟာ မြန်မာ့ဓာတ်ပုံ အဆင့်အတန်းနဲ့ အရည်အသွေး မြင့်မားအောင် ကြိုးစားဖို့ အခွင့်အလမ်းကောင်းတွေ ရှိနေပါတယ်။ မြန်မာဓာတ်ပုံဆရာတွေဟာ ဓာတ်ပုံပညာအပေါ်နဲ့ ဓာတ်ပုံရိုက်ကူးခြင်းအပေါ် ရူးသွပ်ကြတဲ့သူတွေပါပဲ။ မြန်မာနိုင်ငံအတွင်း ဒေသအနှံ့ ခရီးသွားကြ၊ ဓာတ်ပုံရိုက်ကူးကြ၊ ပြပွဲတွေလုပ်ကြနဲ့ဆိုတော့ အရင်ကထက် ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်လာတာကတော့ အမှန်ပါပဲ။

နောက်ပြီး ဓာတ်ပုံစတူဒီယိုတွေလဲအများကြီးရှိလာကြတဲ့အတွက် တကယ့်ကို ဝမ်းသာစရာပါ။ ဒီနေ့အချိန်မှာ ဓာတ်ပုံတစ်ပုံရဲ့ ကုန်ကျစရိတ်ဟာ များလာတာမို့ ဒီဓာတ်ပုံရဲ့ စရိတ်ကာမိအောင် ကြိုးစားရပါဦးမယ်။

ဓာတ်ပုံပြပွဲတွေ မပြတ်တမ်း ပြုလုပ်နိုင်ရင်တော့ ပိုကောင်းပါတယ်။ အရေးကြီးတာက ပြပွဲနေရာ အခက်အခဲ ရှိနေခြင်းပါပဲ။ လူတိုင်းကြည့်နိုင်တဲ့ နေရာအခင်းအကျင်းဆိုရင် ဓာတ်ပုံတွေ ပြရတာကောင်းသလို ထိုက်သင့်တဲ့ အကျယ်အဝန်း ရှိတဲ့အတွက် လာရောက်ကြည့်သူတွေအဖို့ ဓာတ်ပုံအပေါ် ပိုပြီးအာရုံထားလို့ ရတာမို့ မြန်မာနိုင်ငံဓာတ်ပုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ရနိုင်ပါတယ်။ ။

ကိုယ်ပိုင်အယူအဆတွေနဲ့ ပေါင်းစပ်ပြီး ပန်းချီကားတစ်ခု ဖန်တီးတတ်တဲ့အလေ့အကျင့်ကောင်း မွေးမြူကြဖို့တော့ အကြံပြုချင်တယ်။
ပန်းချီဆရာ မင်းဝေအောင်

မြန်မာနိုင်ငံရဲ့ ဓာတ်ပုံပညာ ဖွံ့ဖြိုးတိုးတက်မှု အနေအထားကိုကြည့်ရင် ဒီဂျစ်တယ်စနစ် အပြောင်းမှာ တစ်ရှိန်ထိုး ဖွံ့ဖြိုးလာ။
စိန်မျိုးမြင့် ဓာတ်ပုံပညာရှင်

ပရိသတ်တွေ ကိုယ်နဲ့အတူ ခရီးသွားနေတဲ့အတိုင်း ပေါ့ပေါ့ပါးပါးနဲ့ သဘာဝမြင်ကွင်းတွေ ခံစားလို့ရအောင် ရိုက်ကူးရတာမို့ လွတ်လပ်မှုရှိပါတယ်။
သရုပ်ဆောင် လွင်မိုး

နေ့စဉ်ပုံမှန် ဝင်ငွေရအောင်တော့ အတော်လေး ကြိုးစားရပါတယ်။
ကိုဝင်းကျော်(ခ)ထားဝယ် အနေ့းယာဉ်မောင်း

✻ ရှေ့ဖုံးမှ

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ငြိမ်းချမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အသင်းကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်အကောင်အထည်ဖော်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့်လက်နက် ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ် ခေါ်လုလီက ၎င်းတို့အသင်းကြီး၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများအတွက် ချီးကျူးဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးကိစ္စများသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုလည်း အပြည့်အဝထောက်ခံပါကြောင်း၊ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ အသင်းများအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ကတိပြုပါကြောင်းဖြင့် ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးဉာဏ်ထွန်းအောင်၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဘက်စုံပညာထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသားကျောင်းသူများက အဆို၊ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေး အထက(၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကိုဇန်နဝါရီ၂၇ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများအားလုံး တက်ရောက်ပူဇော်နိုင်ကြစေရန် နှိုးဆော်ထားသည်။

အလှူငွေများကို ဘိုကလေးမြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့် ဖုန်း-၀၉-၈၉၇၃၈၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးအုန်းမော် ဖုန်း-၂၁၂၅၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပညာရှိသည် မိမိကိုယ်ကိုယ်၌ကျေးအောင် ဆုံးမတတ်၏

- လယ်လုပ်ယောက်ျားတို့သည် ရေကို မိမိလိုရာအရပ်သို့ ရောက်အောင်သွယ်ယူကြကုန်၏။
- ကျွမ်းကျင်သောလေးသမားတို့သည် မြားကို ကောင်းစွာဖြောင့်တတ်ကြကုန်၏။
- ကျွမ်းကျင်သောလက်သမားတို့သည် သစ်ကို မိမိတို့အလိုရှိတိုင်းရအောင် ရွေတတ်ကြကုန်၏။
- ပညာရှိတို့သည် မိမိကိုယ်ကိုမိမိ ယဉ်ကျေးအောင် ဆုံးမတတ်ကြကုန်၏။

(ဓမ္မပဒ ၈၀)

အမှတ် ၁/၁၉ နဝဒေးဥယျာဉ်အိမ်ရာ လှိုင်သာယာမြို့နယ်နေ မောင်ဇော်ဝင်းနိုင်-မသက်ထားအိတို့၏ မင်္ဂလာဦး အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးလှသိန်းက လက်ခံယူစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀	၈။	ဝမ်ပုံရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၁၇း၀၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၀	၆။	အကပြိုင်ပွဲ
၁၇း၂၅	၇။	မြန်မာစာမြန်မာစကား
၁၇း၄၀	၈။	**ကြိုဆိုလျက်ပါ** ၄က်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော် ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၁၇း၅၀	၉။	နှောင်းခေတ်တေးပဒေသာ
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးတတိယချစ်ပုံပြင်** (အပိုင်း-၃၅)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း-၁၈)

ဒို့အောင်လံ

ဟေမန္တတွင်
ချမ်းမြစိမ့်အေး၊ ဆောင်းလေသွေး၍
နှင်းဖွေးရည်ဆွတ်၊ ဦးလည်းညွှတ်သည်
လွတ်လပ်ရေးနေ့ နံနက်ခင်း။
တလွင့်လွင့်နှင့်
မိုးမြင့်နီးပါး၊ ဝင့်ဝင့်ကြွားသည်
ဒို့များအောင်လံဝင့်ထည်ဝါ၏။
နေခြည်ဖျော့ဖျော့၊ လေပြည်နော့၍
ကြော့မော့လွင့်ပျံ၊ ဒို့အောင်လံသည်
နိုင်ငံအားမာန်၊ ဝင့်ကြွားဟန်တည်း။
တိုင်ထိပ်ဖျားတွင်
ငွားငွားစွင့်စွင့်၊ သာမော့တင့်စွာ
မြူးဝင့်အောင်လံ၊ အောင်တေးသံသည်
နိုင်ငံအင်အား၊ တိုင်းရင်းသားတို့
နိုးကြားအားမာန်၊ စည်းလုံးဟန်တည်း။
နေခြည်ထက်မှာ၊ ရွှေရည်ဖြာသို့
ချိန်ခါမလပ်၊ လွန်မြင့်မြတ်သည့်
လွတ်လပ်အောင်လံ၊ ဒို့နိုင်ငံ၌
ဝေယံမြူးကြွ၊ ထာဝရလျှင်
အစဉ်လှပနေမည်တည်း။ ။

ထီယု

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွက်

၁၃-၁-၂၀၀၈ ရက်နေ့

နှင့်

၂၇-၁-၂၀၀၈ ရက်နေ့

The Live News ဂျာနယ်အမှတ်(၆၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၆၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဒါလားဟဲ့ ဒီမိုကရေစီ-၁၉ နှစ်သားကို နိုင်ငံရေးသေတမ်းစာဖြင့် ပါတီအမွေပေးခဲ့သည့် ဘာနာဇီယာဘူတိုနှင့် ပါကစ္စတန်နိုင်ငံရေးအလားအလာ၊ ရွေးကောက်ပွဲအပြီး သွေးချောင်းစီးနေသည့် ကင်ညာ၊ ထိပေါက်ပြီး လက်မှတ်ပျောက်မလိုဖြစ်နေသည့် ထိုင်းနိုင်ငံမှ ပီပီပီပါတီနှင့် ထိုင်းနိုင်ငံရေးအလားအလာ၊ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားလာသည့် အိန္ဒိယ၊ အီရန်နဲ့ စေ့စပ်ညှိနှိုင်းမှု အပေးအယူအတွက် အလေးမူရတော့မယ့် အမေရိကန်၊ ဘူတန်နိုင်ငံ၏ ဒီမိုကရေစီ ပထမခြေလှမ်း၊ ၄၈-ယာဉ်လိုင်းတွင် စစ်ကျန်ဘတ်စ်ကားများအစား အဆင့်မြင့်ယာဉ်များနှင့် အစားထိုးသွားမည်၊ သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့သော အိမ်ကြီးမှ ရွှေချောင်း ၃၂ ကျပ်သားခိုးယူခဲ့သော အိမ်ဖျက်လုပ်သားနှစ်ဦးအားဖမ်းဆီးစစ်ဆေး၊ CITY FM (၆)နှစ်ပြည့်အခမ်းအနား အောင်မြင်စွာကျင်းပ၊ အရက်ကိုကြိုက်လို့သောက်တဲ့လူ၊ ရန်ကုန်မြို့ကြီးရဲ့ အနောက်ဘက်နယ်နိမိတ်ဖြစ်တဲ့ အောင်ရတနာလမ်း(West Street)၊ တက္ကစီမင်းနှင့် မော်ဒယ်ဂဲလ်၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ အောင်သန့်(ကျိုက္ကော်)၊ ဆြာစန်းနှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရသေ့တောင်မြို့နယ် အထက(၁) ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိမဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရိယဝံသ၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီးဘကြည်၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်နေ အလှူရှင် ဦးချောင်းနှင့်ဇနီး သီဟသုဓမ္မ သိင်္ဂီဒေါ်ရွှေစင်(Gold Uni Jewellery Co., Ltd.) **(အပေါ်ပုံ)** တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြပြီး ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ အခမ်းအနားကို ကျောင်းဆောင်သစ်၌ ဆက်လက်ကျင်းပရာ အလှူရှင်မိသားစုက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းအတွက် လှူဒါန်းငွေကျပ် သိန်းနှစ်ရာ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင် သီဟသုဓမ္မသိင်္ဂီဒေါ်ရွှေစင်က ရှင်းလင်းပြောကြားကာ ပြည်နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

နှစ်ထပ်ကျောင်း

အဆိုပါ ကျောင်းဆောင်သစ်မှာ နှစ်ထပ်ကျောင်းဖြစ်ပြီး ကျပ်သိန်းသုံးထောင့်နှစ်ရာ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ကိုလံဘီယာမှ ဓားစာခံနှစ်ဦး ပြန်လည်လွတ်မြောက်လာ

ကရာကတ်စ် ဇန်နဝါရီ ၁၀

ကိုလံဘီယာနိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော ဗင်နီဇွဲလားနိုင်ငံသူ အမျိုးသမီးနှစ်ဦးသည် ဇန်နဝါရီ ၁၀ရက်က ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်သည်။

ဓားစာခံအဖြစ်

အသက် ၅၇ နှစ်အရွယ်ရှိ ဝွန်ဇာလက်စ်သည် လွန်ခဲ့သည့် ၂၀၀၁ ခုနှစ်က ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရပြီး အသက် ၄၄နှစ်အရွယ်ရှိ ရိုဂျက်စ်သည် လွန်ခဲ့သည့် ၂၀၀၂ခုနှစ်က ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသူဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ အမျိုးသမီးနှစ်ဦးစလုံးသည် ကိုလံဘီယာနိုင်ငံတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ယခုအခါ နှစ်နိုင်ငံအစိုးရများ၏ ညှိနှိုင်းဆောင်ရွက်မှုကြောင့် ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

သတိပေးနှိုးဆော်ချက်

ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သည့်ယာဉ်များသည် ယာယီမှတ်ပုံတင်သက်တမ်းကာလအတွင်း မော်တော်ယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ပြီးစီးအောင်ဆောင်ရွက်ရန်၊ ယာယီနံပါတ်ပြားပေါ်တွင် ကုန်ဆုံးသည့်နေ့ရက်အား ရေးသားထားရှိရန်နှင့် ယာယီမှတ်ပုံတင်သက်တမ်း ကျော်လွန်ပြီး အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် လုံးဝမောင်းနှင်ခြင်းမပြုရန်၊ ဖော်ပြပါအချက်များအား ကျူးလွန်ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ချောက်စက်မှုလက်မှု သိပ္ပံကျောင်း ကျောင်းသားကျောင်းသူဟောင်းများတွေ့ဆုံပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ချောက်မြို့ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံကျောင်းတွင် ၁၉၇၆မှ၂၀၀၇ အထိ တာဝန်ထမ်းဆောင်ကြသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံမိတ်ဆက်ဂုဏ်ပြုညစာစားပွဲကို လာမည့်ဖေဖော်ဝါရီ ၂ရက်(စနေနေ့)ညနေ၆နာရီမှည၉နာရီအထိ မရမ်းကုန်းမြို့ (ပန်းတော်ဝင်လမ်းမကြီး)ပေါ်ရှိ ၉-မိုင် (Ocean Centre)အနီးရှိ Royal Ruby Jade Hotel ၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေ၊ အလှူပစ္စည်းများကို ပါဝင်လှူဒါန်းလိုသူများသည် ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉-၅၀၁၅၆၇၈၊ ဦးကြည်ဝင်း ဖုန်း-၆၈၁၈၉၆နှင့် ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစန်းဝင်းအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

စိတ်ပညာဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

စိတ်ပညာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါဟိုတယ်၌ကျင်းပမည်ဖြစ်သည်။ စိတ်ပညာဘွဲ့ရကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါက်တာအောင်သန်းဦး (တွဲဖက်ပါမောက္ခ ဌာနမှူး) ဖုန်း-၅၃၇၃၇၅၊ ဦးစောဝေ(ပန်ဒါဟိုတယ်) ဖုန်း-၂၁၂၈၅၀-၁-၅၊ ဦးတင်ကိုကို (တော်ဝင်မြင့်မိုရ် ကုမ္ပဏီ) ဖုန်း-၂၄၃၁၅၁၊ ဦးသစ်လွင် ဖုန်း-၀၉-၅၀၂၁၁၁၇၊ ဦးဝင်းမောင် ဖုန်း-၀၉-၅၁၇၄၅၂၁နှင့် ဦးမြအေး ဖုန်း-၀၉-၅၀၀၄၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

လာမည့်သော်ကြာ ဓမ္မာသောက အင်းဝရာဇာရုံဝင်မည် စန္ဒရားလှထွတ်ရဲ့ သံသရာတစ်ကွေ့ဝယ် ရုံပေါ်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၀

ယခုသော်ကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားကြီး ရုံဝင်လာခြင်းမရှိသေးဘဲ **မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်** သမ္မတနှင့် သွင်ရုံ၌ ဆက်လက်ပြသနေသည်။ လာမည့်သော်ကြာပတ်တွင် လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ သမီး မြတ်ကျော်၏ ဇာတ်လမ်းကို ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးသည့် **ဓမ္မာသောကအင်းဝရာဇာ** ဇာတ်ကားကြီး ရုံဝင်လာမည်ဖြစ်သည်။

ပါဝင်သရုပ်ဆောင်ထား

ဓမ္မာသောက အင်းဝရာဇာတွင် လူမင်း၊ နန္ဒာလှိုင်၊ မိုးဒီ၊ ချိုပြုံး၊ စံရှားတင်၊ ဇေလုဝ၊ တက္ကသိုလ်ဂွမ်းပုံ၊ ဝင်းနိုင် (အနုပညာ)၊ ဇော်ဝင်းနိုင် (မန်း)၊ ကြူကြူသင်း၊ မျိုးမျိုးခိုင်၊ အေးသီတာ၊ ရော၊ ဖိုးတာ၊ မင်းလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဧည့်သည် သရုပ်ဆောင်များအဖြစ် မေသဥ္ဇာဦး၊ ဒေါ်စံရှားတင်၊ ပြေဇင်၊ မေသက်ခိုင်တို့ အားဖြည့်ထားသည်။

အိမ်ထောင်ရေးမှာ ဓမ္မာသောက အင်းဝရာဇာ ကြင်ဖက်မပြုရာဟူသော အဆိုကို ဆန့်ကျင်ထားပြီး လူလူချင်းပေါင်းသင်းရာမှာ စိတ်ကအဓိကဖြစ်ကြောင်း၊ နေ့နံသင့်ဖို့ထက် စိတ်ချင်းသင့်ဖို့ ပိုအရေးကြီးကြောင်း တင်ပြထားသည်။

နိုင်ငံခြားဇာတ်ကားများ

မင်္ဂလာအဆင့်မြင့်ရုံတွင် နာမည်ကြီး ကွန်ဖူးမင်းသား ဂျက်လီနှင့် အက်ရှင်မင်းသား ဂျက်ဘွန်တို့ပါဝင်ထားသော War ဇာတ်ကား ပြသနေသည်။ ရွှေဆောင်ရုံတွင် Om Shantion Om အိန္ဒိယဇာတ်ကား ပြသနေဆဲဖြစ်သည်။

နေပြည်တော်တွင် အက်ရှင်ဇာတ်ကား The Kingdom ဆက်လက်ပြသနေသည်။ ဘုရင့်ရုံတွင် သိန်းရုပ်ရှင်ထုတ်လုပ်ရေးမှ အထူးတင်ဆက်လိုက်သော အတ္တမျဉ်းပြိုင်အမည်ရ Lakker အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ အက်ရှင်မင်းသား ဆန်နီဒေါ်လ်နှင့် ဆူနီးရှက်တီးတို့ အားပြိုင်သရုပ်ဆောင်ထားသည်။ ဆုထူးပန်ရုံတွင် အိန္ဒိယရုပ်ရှင်လောကအတွက် မရိုးနိုင်သော Asoka အာသောကမင်းကြီး ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသား ရှာရွတ်ခန်က အာသောကဘုရင်အဖြစ် သရုပ်ဆောင်ထားသည်။

ဒါရိုက်တာ ရင်မောင်ငြိမ်း၏ သံသရာတစ်ကွေ့ဝယ်မှ အောင်ကိုဦးနှင့် ဟေမာန်အောင်အောင်။

ရန်နိုင်-၂၄

မိုးသစ်၏ဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာဇော်ဆက် ရိုက်ကူးသည့် **ရန်နိုင်-၂၄** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ယခုသော်ကြာပတ်တွင် ရွှေဗဟို၊ ဘုရင့်နောင်၊ ရေဝတီ၊ မြရတနာရုံနှင့် မင်းရန်အောင်ရုံတွင် ဆက်လက်ကြည့်ရှုရမည်ဖြစ်သည်။ စစ်ဗိုလ်နေတိုးနှင့် ဆရာဝန်မလေး စိုးမြတ်နန္ဒာတို့၏ ငယ်ဘဝချစ်သူဘဝကို ရသမြောက်စွာရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

သံသရာတစ်ကွေ့ဝယ်

ထွင့်ခေါင် ဗီဒီယိုထုတ်လုပ်ရေးမှ တင်ဆက်ပြီး အောင်ချိန်ဘွား၏ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ရင်မောင်ငြိမ်း ရိုက်ကူးသည့် **သံသရာ တစ်ကွေ့ဝယ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ရုံဝင်လာသည်။ တစ်ချိန်က နာမည်ကျော် စန္ဒရားလှထွတ်၏ သံသရာတစ်ကွေ့ဝယ်သီချင်းကို ခံစားထားပြီး ထူးထူးခြားခြား တင်ဆက်ထားပါသည်ဟုဒါရိုက်တာက ဆိုထားသည်။

"ဒီနေရာလေးဟာ သိပ်လွမ်းစရာကောင်းတာ၊ ဒီနေရာလေးမှာ ဇာတ်လမ်းတွေ အများကြီး ဖြစ်ခဲ့ဖူးတယ်၊ အတိတ်ဆိုတာ လူတိုင်းမှာရှိတယ်၊ အတိတ်မရှိဘဲနဲ့ ပစ္စုပ္ပန်ဆိုတာ ဖြစ်မလာနိုင်ဘူး"လို့ ပြောခဲ့တဲ့ ချစ်သူတို့ဇာတ်လမ်းလေးကို စိတ္တဇဆန်ဆန် ရိုက်ချက်ဆန်းဆန်းဖြင့် တင်ပြထားသော အချစ်ဇာတ်ကား သန့်သန့်လေး ဖြစ်သည်။

ပါဝင်ထား

ယင်းဇာတ်ကားတွင် သရုပ်ဆောင် အောင်ကိုဦး၊ ဟေမာန်အောင်အောင်၊ ဇော်ဇော်အောင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဒါရိုက်တာကိုအောင်မင်းသိမ်း၏ ဓမ္မာသောက အင်းဝရာဇာ ဇာတ်ကားမှ လူမင်းနှင့်နန္ဒာလှိုင်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

ယနေ့ ရုံဝင်လာသော ဒါရိုက်တာ ဝင်းထွန်းထွန်း၏ "မည်သို့ဆိုစေ" ရုပ်ရှင်ဇာတ်ကား။

ဒါရိုက်တာဝင်းထွန်းထွန်း၏ အနုပညာပြချက်ဖြင့် ရုပ်ရှင်ကြည့်သူများ စိတ်ကို ခံစားမှုရသပေးစွမ်းပြီး လှည့်ကွက်၊ မြှုပ်ကွက်များဖြင့် ရိုက်ကူးတင်ဆက်ထားသည့် **မည်သို့ဆိုစေ** အဆင့်မြင့်ဇာတ်ကား မြေနီကုန်းရတနာပုံအဆင့်မြင့်ရုံတွင် ရုံဝင်လာသည်။ **မည်သို့ဆိုစေ** ဇာတ်ကားတွင် ကျော်ရဲအောင်၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ မေကဗျာ၊မင်းဟိဏ်းတို့ပါဝင်သရုပ်ဆောင်ထားကြသည်။ နေ့စဉ်ပုံမှန်လေးပွဲ ပြသမည်ဖြစ်သည်။

တစ်ကျော့ပြန်

မြို့မရုံတွင် အိန္ဒိယနိုင်ငံ၌ ဆုပေါင်းများစွာ ဆွတ်ခူးရရှိထားသော ဝိညာဉ်ကား Chandramukhi ဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် Lethal Weapon ဇာတ်ကား ရုံဝင်လာပြီး မြေညီထပ်တွင် မင်းသား စတီဗင်ဆီးဂဲလ် ပါဝင်သရုပ်ဆောင်ထားသော Under Seige ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

ရုပ်ရှင်သတင်းထောက်

စာဆိုတော်နေ့ အထိမ်းအမှတ် စာဖတ်ပွဲတော် ဆီဆိုင်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာဖတ်ပွဲတော်အခမ်းအနားကို ဒီဇင်ဘာ၂၆ရက် နံနက်၉နာရီက ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်က စာဖတ်ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မိုးအောင်က တစ်ပြည်သူ မရွှေထားစာအုပ်မှ ဇာမျိုးဆက် ဆိုသူများ၏ သမိုင်းအမှန် ဆောင်းပါးကိုလည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်ချယ်ရီသန်းက ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်၂၁ပါ စာရေးဆရာ မောင်ငြိမ်းအောင် (တန့်ဆည်) ရေးသားသည့် မိတ်ဆွေလား၊ ရန်သူလား ခွဲခြားကြည့်မှအကျိုးရှိ စိုက်ပျိုးရေးပညာပေး ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာဖတ်ပွဲတော်တွင် ဂုဏ်ပြုစာပေဖတ်ကြားသူများအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင်စေတီအနီး သုညတမေ့ကျောင်း မိုးကုတ်ဝိပဿနာမေ့ရိပ်သာ မဂ္ဂမေ့ လေးထပ်ကျောင်းဆောင်မတည် အလှူရှင် ဒေါက်တာစိုင်းကျော်ရွှေ-ဒေါ်သန်းသန်းထွေး၊ သမီး နန်းမိုးပွင့်ဖြူ၊ နန်းသဒ္ဒါထက် မိသားစု စင်ကာပူနိုင်ငံက အလှူငွေကျပ် သိန်း ၃၀ကို သုညတမေ့ ဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆုချီးမြှင့်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမက(၁၄)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၃ရက်ကကျင်းပရာ ဘက်စုံထူးချွန်ဆုရ ပထမတန်း(က)မှ မခင်ဖွန်ဇာလင်းအား မြို့နယ်လက်ထောက် ပညာရေးမှူးက ဆုချီးမြှင့်စဉ်။(က-ပ)

ရေပေးဝေရေး စီမံကိန်းရုံးမှ ငွေကျပ်သိန်း ၆၀ ခိုးယူ

ရန်ကုန် ဇန်နဝါရီ ၁၀

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ် ၁၂ ရှိ ဂျာမနီနိုင်ငံ အခြေစိုက် WELT HUNGER HILFE (NGO) ရေပေးဝေရေးစီမံကိန်းရုံးတွင် ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက အုပ်ချုပ်ရေးနှင့် ထောက်ပံ့ရေးတာဝန်ခံ ဦးဝင်းကိုကို(၃၅နှစ်)သည် တာဝန်ထမ်းဆောင်ရန် ရုံးခန်းသို့ရောက်ရှိချိန်တွင် အပေါ်ထပ်ငွေစာရင်းအခန်းအတွင်းရှိ Leecoဗီရိုမှာ သော့များပျက်စီးမှုမရှိဘဲ အံဆွဲများအပြင်သို့ထွက်နေကာ အံဆွဲအတွင်းထည့်ထားသည့် ငွေကျပ်သိန်း ၆၀ ခန့်မှာ ပျောက်ဆုံးနေသည်ကိုတွေ့ရ၍ ဗဟန်းမြို့နယ်ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ ဗဟန်းရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV - 4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်	၉း၁၀-၃း၁၀	ယနေ့ သိပ္ပံနှင့်နည်းပညာ
၇း၀၅-၁း၀၅	**အပယ်ရိက္ခာမစုကြပါနဲ့** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)	၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၈း၀၀-၂း၀၀	ရန်အောင်မြင်ဟု တည်ထားပူဇော် နတ်လူသာဓု ခေါ်စေသော်	၉း၂၅-၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်	၉း၃၀-၃း၃၀	အရိုးကျိုးခြင်းနှင့် ကုသခြင်းအကြောင်း (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၈း၂၀-၂း၀၀	Myanmar Video Rhythm	၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	မက်မက်မောမော မက်မန်း	၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်	၁၀း၁၀-၄း၁၀	ဖွံ့ဖြိုးဝေစီ ရေတာရှည်
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း	၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
		၁၀း၃၀-၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
		၁၀း၄၀-၄း၄၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဥမ္မာကျော်)
		၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
		၁၁း၁၅-၅း၁၅	ဖူးစာဖက်တို့ ဆုံစည်းဖို့ရာ (မင်္ဂလာပွဲအတွက် နေရာရွေးရအောင်)
		၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
		၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
		၁၁း၃၅-၅း၃၅	လေလှိုင်းမှ ဖြေကြားပရိသတ်များ အမေးစကား
၁၂း၀၅-၆း၀၅	မိဂဒါဝုန်ကျောင်းတိုက် နှစ်(၁၀၀)ပြည့်ခရီး	၁၂း၃၀-၆း၃၀	VJ Choic
		၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒုံသမိချောင်းအတွင်း စက်လှေမှောက် ကောက်စိုက်သမ လေးဦးသေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၀

ဘားအံမြို့နယ် ထုံးဘိုကျေးရွာမှ အောက်ကော့ရင်းရွာရှိ ဦးဘောလုံးလယ်တွင် စပါးစိုက်ရန်အတွက် ဇန်နဝါရီပထမပတ်အတွင်းက ဦးဘောလုံး၏သားအေးထွန်း မောင်းနှင်လာသော စက်တပ်လှေငယ်ပေါ်တွင် ကောက်စိုက်သမကိုးဦးလိုက်ပါလာခဲ့ရာ ထုံးဘိုကျေးရွာအနီး ဒုံသမိချောင်းရေလယ်၌ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ စက်တပ်လှေပေါ်တွင် လိုက်ပါလာသူများအနက် ကောက်စိုက်သမများဖြစ်သည့် ထုံးဘိုကျေးရွာနေ မရိုစလင်း(၂၀)၊ မဂလိုနီ(၁၈နှစ်)၊ မရိုမေရီ (၂၀)၊ မအာရိုအီရမ်မေဘိ(၂၀)တို့ လေးဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘားအံရဲတပ်ဖွဲ့စခန်းမှ စက်တပ်လှေမောင်းသူ အေးထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က)အရ အရေးယူထားသည်။ (သတင်းစဉ်)

အိမ်ဖော်အဖြစ် သွားရောက်လုပ်ကိုင်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်သူများ သန်လျင်၌ဖမ်းဆီး

ရန်ကုန် ဇန်နဝါရီ ၁၀

သန်လျင်မြို့နယ် သန်လျင်-ရန်ကုန် တံတားထိပ် သန်လျင်ဘက်အခြမ်းတွင် ဇန်နဝါရီ ၈ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က သတင်းအရ သန်လျင် ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့်အဖွဲ့သည် သက်သေအဖြစ် မြို့ဟောင်းအရှေ့ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စောရီ၊ ဒေါ်တင်တင်လှတို့နှင့်အတူ စောင့်ဆိုင်းနေစဉ် သန်လျင်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်မောင်းသန်းအောင်(၄၂နှစ်)(ဘ)ဦးသိမ်းမောင်၊ အမှတ်(၁၂/ခ)ရွှေသရဖီလမ်း(၅၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူ မောင်းနှင်လာသော တိုယိုတာ ကရောင်းအငှားယာဉ် အမှတ် ကက/၈၃၇၂အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေ မောင်ကျော်ကျော်(ခ)ကျော်ကြီး (၃၄နှစ်) (ဘ)ဦးအောင်ကျော်နှင့်ဇနီး မဥမ္မာ(ခ)ခင်ဥမ္မာဝေ (၂၉နှစ်) (ဘ)ဦးစံမြင့်တို့နှင့်အတူ မစန်းစန်းမြင့်(၃၆နှစ်) (ဘ)ဦးလှသောင်း ကညင်ပင်(၂)လမ်း တာဝ ဘုရားကုန်းကျေးရွာ၊ မသီတာမြင့်(ခ) မစန္ဒာမြင့် (၃၂နှစ်) (ဘ)ဦးမြင့်နိုင် ဘာဘူဆန်စက်ဝင်း ဘုရားကုန်းကျေးရွာ၊ မဝါလေး(ခ)မဝါဝါဝင့် (၃၀) (ဘ)ဦးစံမင်း ကညင်ပင်(၂)လမ်း ဘုရားကုန်းကျေးရွာ၊ မသီရိ(ခ) မစောယုနိုင် (၁၉နှစ်) (ဘ)ဦးကျော်ညွှန့် ဘုရားငါးဆူ ထားမလုံကျေးရွာနေသူတို့ လေးဦးအား တွေ့ရှိခဲ့သည်။

၎င်းတို့အား စစ်ဆေးခဲ့ရာ မစန်းစန်းမြင့်ပါ လေးဦးအား တရုတ်နိုင်ငံသို့ အိမ်ဖော်အဖြစ် သွားရောက်လုပ်ကိုင်ရန် ခေါ်ဆောင်လာခြင်းဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ မူဆယ်မြို့၊ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်လာသဖြင့် မောင်ကျော်ကျော်(ခ)ကျော်ကြီးနှင့် မဥမ္မာ(ခ) ခင်ဥမ္မာဝေတို့ နှစ်ဦးအား သန်လျင်ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၀/၃၇၁ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

သရဖူမဂ္ဂဇင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းသို့ အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

သရဖူ မဂ္ဂဇင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း(ဗဟို)သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ၊ ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များနှင့် ကြော်ငြာအများဆုံးထည့်သွင်းသည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ မီဒီယာများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ball Room၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် တာဝန်ရှိသူများ၊ စာပေနှင့်စာနယ်ဇင်းများမှ မိတ်ဆွေများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖတ်ကြား

အစီအစဉ်အရ ရန်ကုန်မြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ အသင်းသူ၊အသင်းသားများက ရှမ်းရိုးရာအက တေးသီချင်းဖြင့် သီဆိုကပြပြီး စိုင်းစိုင်းခမ်းလှိုင်နှင့် တင်မိုးလွင်တို့က သရဖူမဂ္ဂဇင်း သမိုင်းကြောင်းကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် သရဖူမဂ္ဂဇင်း တည်းဖြတ်ထုတ်ဝေသူ ဒေါ်နန်းအိအိဇာက (၁၀)နှစ်ပြည့် အထိမ်းအမှတ် ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) အလုပ်အမှုဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က ဂုဏ်ပြုစကားပြောကြားကာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာမကျန်းထောက်ပံ့ရေးရန်ပုံငွေသို့ သရဖူမဂ္ဂဇင်းတည်းဖြတ် ထုတ်ဝေသူ ဒေါ်နန်းအိအိဇာက ငွေကျပ်တစ်သိန်း ပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ အနုပညာရှင်များ၏ အဆိုအကများ၊ နာမည်ကြီးသရုပ် ဆောင်များ၏ ဝတ်စားဆင်ယင် ပြသမှုများ၊ တေးဂီတဖြင့် သီဆိုဖျော်ဖြေမှုများ၊ Mr & Miss Crown ယှဉ်ပြိုင်မှုများ ပြုလုပ်ပေးခဲ့သည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ်မှလာသည့် မော်တော်တစ်စင်းပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခြောက်တန်ကျော်ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၁၀

အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇေယျနှင့်အဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၈ ရက် နံနက် ၁ နာရီခန့်က လှိုင်သာယာမြို့နယ် စက်မှုဇုန် ကမ်းနားလမ်း ပန်းလှိုင်တံတားအနီးရှိ သဲကွင်းတွင် ဆိုက်ကပ်ထားသော အလျား ၆၇ ပေ၊ အနံ ၁၈ ပေ၊ စောက် ၅ ပေရှိသော အောင်ဇေယျာဦးကြီး မော်တော်အား ဝင်ရောက်ရှာဖွေရာ မော်တော်ဝမ်းထဲတွင် ကျောက်စရစ်များဖုံးပြီး တင်လာသော တရားမဝင် ကျွန်းသစ် စကွဲယားတုံး ၁၆၄ ချောင်း ၆ ဒသမ ၇၄၄ တန်ကို တွေ့ရှိရမိခဲ့ကြောင်း သိရသည်။ မော်တော်ပိုင်ရှင်နှင့် ဆလင်ဖြစ်သူမှာ မြန်အောင်မြို့နယ်နေ ဦးသန်းဌေးဆိုသူဖြစ်ပြီး ၎င်းမှာထွက်ပြေးတိမ်းရှောင်သွားသွားပြီး မော်တော်ပေါ်တွင် လိုက်ပါလာသော မြန်အောင်မြို့နယ် ရွှေကျင်ရွာနေ ဦးတင်အေး(၅၂နှစ်) (ဘ)ဦးဖိုးဝပါ လုပ်သား ငါးဦးအား သစ်တောဦးစီးဌာနမှ အမှုဖွင့်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖယောင်းတိုင်ထွန်း မီးစက်ဆီဖြည့်ရာမှ မီးလောင်

ရန်ကုန် ဇန်နဝါရီ ၁၀

တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် ရတနာလမ်းရှိ ကားအပိုပစ္စည်းအရောင်းဆိုင် တစ်ဆိုင်တွင် ဇန်နဝါရီ ၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က ဖယောင်းတိုင်မီးထွန်း၍ မီးစက်ဆီဖြည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ည ၇ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ကားအပိုပစ္စည်းအရောင်းဆိုင်ပါ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အောင်သက်ဦး (၂၁နှစ်) (ဘ)ဦးဝင်းမြင့်အား တောင်ဥက္ကလာပမြို့နယ် ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

မစိုးရိမ်နှင့် အနောက်ခင်မကန်တိုက် ဆရာတော်ကြီးများ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ဖူးမြော်ကြည်ညို ကျန်းမာရေးအခြေအနေများမေးမြန်းလျှောက်ထား

နေပြည်တော် ဇန်နဝါရီ ၁၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းသာသနာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြနှင့် မြို့နယ်ဥက္ကဋ္ဌများလိုက်ပါလျက် ဒီဇင်ဘာ၂၈ရက် မွန်းလွဲ၁ နာရီမိနစ်၂၀က မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးသည် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး၊ နှလုံးအထူးကုဆောင်တွင် ဆေးဝါးကုသမှု ခံယူနေသော သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၆)ဝါရှိ မစိုးရိမ်ကျောင်းတိုက် မဟာနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာမိဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်ဝင်းနှင့် နှလုံးအထူးကု သမားတော် ဒေါက်တာ ဦးထွန်းရွှေတို့က ဆေးဝါးကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆) ဝါရှိ နိုင်ငံတော် ဩဝါဒါစရိယ အနောက်ခင်မကန်တိုက် ဗြဟ္မာမင်းကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာသဘအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျန်းမာရေး အခြေအနေများ မေးမြန်းလျှောက်ထားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်သော လိုအပ်သည်များကို တိုက်ကြပ်ဆရာတော်များနှင့် တာဝန်ရှိသူများအား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဘုရားကြီးတိုက်ရှိ ဦးပွားဆုတောင်းပြည့် စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အနီး ဓမ္မာရုံတွင် နိုင်ငံတော် ဩဝါဒါစရိယ ဘုရားကြီးတိုက် လယ်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တကာရုဉအမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀ ပါးတို့အား ဖူးမြော်ကြည်ညိုပြီးလယ်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တ ကာရုဉထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးအေးသွင်က ဦးပွားဆုတောင်းပြည့် စေတီတော်ဘက်စုံပြုပြင်မွမ်းမံမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ဘုရားကြီးတိုက် ပရိဝုဏ်အတွင်းရှိ အာနန္ဒာဘုရားသို့ ရောက်ရှိပြီး မြောက်ဘက် အာရုံခံတန်ဆောင်းမှ ဖူးမြော်ကြည်ညိုကာဂန္ဓကုဋိတိုက်အတွင်း လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးသည် ဂန္ဓကုဋိတိုက်အတွင်း အနောက်ဘက် မျက်နှာကြက် ယိုယွင်းပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၉၉၆-၉၇ပညာသင်နှစ်တွင် အထက(၁)ဒဂုံမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော ကျောင်းသား၊ကျောင်းသူဟောင်းများ၏(၁၀)နှစ်ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၉ ရက်က အဆိုပါကျောင်းရှိ ဒဂုံသိရီခန်းမ၌ကျင်းပရာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ဘုတ်ပြင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သပြေခန်းမ၌ကျင်းပရာ ဆုရရှိသူ ကလေးငယ်တစ်ဦးအား မြို့နယ် အသင်းဥက္ကဋ္ဌ ဒေါ်နီလာမြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

မော်တော်ယာဉ်များ လျာထားချက်ပြည့်မီအောင်ထုတ်လုပ် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီအောင် ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ အမှတ်(၁)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး အကြီးစား မော်တော်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံ၌ ၆ ဒသမ ၅ တန် တီအီးကုန်တင်ယာဉ်ကြီးများနှင့် တီအီးရေသယ်ယာဉ်များ၏ ဖရိန်အစိတ်အပိုင်းများနှင့် ကိုယ်ထည်အစိတ်အပိုင်းများ တပ်ဆင်ထုတ်လုပ်နေမှုများ၊ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီးစီးသည့် မော်တော်ယာဉ်များကိုလည်းကောင်း၊ ပုံဖိအလုပ်ရုံ၌ မာဇဒါဂျစ်မော်တော်ယာဉ်များအတွက် ကိုယ်ထည်အစိတ်အပိုင်းများ ထုတ်လုပ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် စက်ရုံအထွေထွေမန်နေဂျာ ဦးလှိုင်သိန်းတို့က လိုက်လံရှင်းလင်း တင်ပြကြသည်။

မှာကြားခဲ့

ထို့နောက် ဝန်ကြီးက မော်တော်ယာဉ်ထုတ်လုပ်မှုများကို လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်လုပ်ပြီးယာဉ်များ ကြံ့ခိုင်မှုရှိစေရန် စနစ်တကျစစ်ဆေးရေး၊ သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်းရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် ဦးစိန်ဝင်းအောင်-ဒေါ်ထွေးရီ မိသားစု အမှတ် (၃၁) ရတနာပုံ အောင်သုခလမ်း သီရိရတနာရိပ်သာ သဃ်ာန်းကျွန်းမြို့နယ်က ငွေကျပ် နှစ်သိန်း လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် ကရင်နှစ်သစ်ကူးအခမ်းအနားများ တက်ရောက်ချီးမြှင့် သက်ကြီးအဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အတူ ဇန်နဝါရီ ၇ ရက်က ကရင်ပြည်နယ် တောင်တန်းဗဟိုသာသနာပြုကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တနရိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် မဟာဗောဓိသစ္စာမဏ္ဍိုင်ဘုရားအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ညပိုင်းတွင် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဒေါနခန်းမ၌ ကရင်ပြည်နယ် ခုနစ်မြို့နယ်မှ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင်များ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တက်ရောက်

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ဇန်နဝါရီ ၈ရက်နံနက်ပိုင်းတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသော ၂၇၄၇နှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို တက်ရောက်၍ ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံ သက်ကြီး ကရင်အဘိုး၊ အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အမှာစကား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မုတ္တဒိကျေးရွာအထက်ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ မုတ္တဒိ၊ ဖာနွဲ့ကျွန်း၊ ကမ်းကြီးကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး ယင်းကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာအစောင် ၂၆၀၀ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မုတ္တဒိကျေးရွာ အထက်တန်းကျောင်းခွဲ မြက်ခင်းပြင်၌ ကျင်းပသော ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား အထိမ်းအမှတ် ဒိုးယိမ်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ ဆုငွေများချီးမြှင့်ခဲ့ပြီး အထက်တန်း ကျောင်းခွဲခန်းမ၌ ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူများအား တွေ့ဆုံသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ် စာစောင်များ၊ ဗုဒ္ဓဘာသာစာပေများနှင့် ကျောင်းသုံး စာရေးကိရိယာများ၊ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မုတ္တဒိကျေးရွာ အထက်တန်းကျောင်းခွဲရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အသင်းဝင် အဆိုပြုလွှာအစောင် ၃၀၀ ကို ပေးအပ်ခဲ့ရာ ကရင်ပြည်နယ် အတွင်းရေးမှူး ဦးစောထားလုံးက လက်ခံသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရွှေတောင်မြို့နယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယားအနုပညာရှင်များ

ဆိုးလ် ဇန်နဝါရီ ၁၀

နိုင်ငံတကာက နှစ်သက်သဘောကျပြီး လက်ခံအားပေးခြင်းခံနေရတဲ့ တောင်ကိုရီးယားရုပ်ရှင်အနုပညာရှင်တွေဟာ အနုပညာမှာရော လူမှုရေးကိစ္စရပ်တွေမှာပါ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေကြတာမို့ သူတို့ရဲ့ လှုပ်ရှားမှုတွေကို အနုပညာသတင်းအဖြစ် ဖော်ပြပေးလိုက်ပါတယ်။

ပြည်ပအနုပညာသတင်း-မိုးမြင့်လင်းလက်

ဘေယောင်ဂျွန်း (ရှင်ဒေါ်ဟန်နဲ့)

ဘေယောင်ဂျွန်း (ရှင်ဒေါ်ဟန်နဲ့) ဟာ တောင်ကိုရီးယား နိုင်ငံမှာ အအောင်မြင်ဆုံး သရုပ်ဆောင်တစ်ဦး ဖြစ်သလို အာရှပရိသတ်တွေ နှစ်ခြိုက်အားပေးခြင်းခံရတဲ့ တောင်ကိုရီးယား အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။

ရှင်ဒေါ်ဟန်နဲ့ဟာ မကြာခင်က တောင်ကိုရီးယားနိုင်ငံ ချန်ချွမ်းပြည်နယ် တောင်ဘက် ကမ်းခြေမှာ ပင်လယ်ပြင်က ယိုဖိတ်ပြန့်လွင့်လာတဲ့ ရေနံတွေကြောင့်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဖြစ်ခဲ့ရမှုနဲ့ ဒေသခံပြည်သူတွေရဲ့ အခက်အခဲကို ဝိုင်းဝန်းကူညီတဲ့ အနေနဲ့ ရေနံတွေသန့်ရှင်းရေးပြုလုပ်ဖို့ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ကို ဇန်နဝါရီ ၇ရက်က လှူဒါန်းခဲ့ပါတယ်။

နောက်ပြီး တောင်ကိုရီးယားနိုင်ငံ တစ်ဝန်းမှာ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ရန်ပုံငွေရှာဖွေမှုလုပ်ငန်းတွေမှာလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေတာမို့ တောင်ကိုရီးယား ပြည်သူတွေကတော့ ရှင်ဒေါ်ဟန်နဲ့ရဲ့ လုပ်ရပ်ကိုဝမ်းမြောက်ဝမ်းသာ အားပေးနေကြပါတယ်။

ယိုဂျင်း (ဘုံဆွန်)

တောင်ကိုရီးယားအမျိုးသမီး သရုပ်ဆောင်နဲ့ တေးဂီတအနုပညာရှင် ဘုံဆွန် ဟာ အာရှနိုင်ငံတွေအပါအဝင် ဥရောပ နိုင်ငံတွေကပါ လက်ခံအားပေးခြင်း ခံနေရတဲ့ အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ဘုံဆွန်ဟာ အရင်က တောင်ကိုရီးယား တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ အက်စ်အီးအက်စ်ရဲ့ အဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်ခဲ့ပြီး အဆိုတော်ဘဝကနေ ရုပ်ရှင်အနုပညာရှင်ဘက်ကို ပိုနစ်မြုပ်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

ဘုံဆွန်ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ ကျန်းမာရေးနဲ့ အလုပ်အပဆိုင်ရာ ဖောင်ဒေးရှင်းကို ဇန်နဝါရီ ၈ရက်က တောင်ကိုရီးယားသုံး ဝမ်၁၀သန်းပေးလှူခဲ့ပါတယ်။ အဲဒီဖောင်ဒေးရှင်းဟာ ဝင်ငွေချို့တဲ့ကြတဲ့ နာမကျန်းလူနာတွေ အတွက်လည်း ထောက်ပံ့ဖြည့်ဆည်းပေးနေတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

ဘုံဆွန်ရဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ တစ်ခုကို တောင်ကိုရီးယားနိုင်ငံမှာ မကြာခင်ထုတ်လွှင့်တော့မှာ ဖြစ်ပါတယ်။ အာရှကိုလည်း ပြန်တော့မှာဖြစ်တယ်လို့ ဆိုပါတယ်။

ကင်ဂျေးဝမ် (ချွဲခွာနူး)

အာရှလူငယ်ပရိသတ်တွေနှစ်သက်အားပေးခြင်းခံရတဲ့ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ကင်ဂျေးဝမ် (ချွဲခွာနူး)ကတော့ ထူးထူးခြားခြား အစီအစဉ်တစ်ခုပြုလုပ်ခဲ့ပါတယ်။ ချွဲခွာနူးဟာ နှစ်သစ်ကူးအထိမ်းအမှတ် တွေ့ဆုံပွဲတစ်ခုကို အခုရက်ပိုင်းအတွင်းမှာကျင်းပခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲကို ဇန်နဝါရီ ၇ရက်ကကျင်းပခဲ့တာဟာဂျပန်ပရိသတ်တွေအများဆုံးလာရောက် ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒီလိုပရိသတ်တွေနဲ့ တွေ့ဆုံပွဲမျိုးကို တောင်ကိုရီယားနိုင်ငံ အခြားမြို့ကြီးတွေမှာလည်း ကျင်းပခဲ့တယ်လို့ သိရပြီး အခုဆိုးလ်မြို့မှာ ကျင်းပတာကတော့ နောက်ဆုံးအစီအစဉ်ပဲ ဖြစ်ပါတယ်။ ချွဲခွာနူးကို ဂျပန် ပရိသတ်တွေက အားပေးမှုများတဲ့အပြင် ဂျပန် ရုပ်ရှင်ထုတ်လုပ်သူတွေက ချွဲခွာနူးနဲ့ ရုပ်ရှင်ဇာတ်လမ်းတွဲတစ်ခု ရိုက်ကူးဖို့ စီစဉ်နေတဲ့အကြောင်း သိရပါတယ်။

ဟာဂျေဝမ်

တောင်ကိုရီးယားအမျိုးသမီးရုပ်ရှင် သရုပ်ဆောင် ဟာဂျေဝမ်ကတော့ ဇန်နဝါရီ ၇ ရက်က တောင်ကိုရီးယား နိုင်ငံမှာရှိတဲ့ ဝင်ငွေနည်းပါးတဲ့ ကလေးလူငယ်တွေကို ပိုမိုလှူဒါန်းထောက်ပံ့ပေးနိုင်ဖို့အတွက် အလှူငွေရှာဖွေရေး စီမံကိန်းတစ်ခုမှာ ပါဝင်ဆောင်ရွက်နေပါတယ်။

လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း အောင်မြင်ဖို့အတွက် ရန်ပုံငွေရရှိအောင် ၂၀၀၈ ခုနှစ်အတွင်းမှာ ရိုက်ကူးမယ့် ရုပ်မြင် သံကြားဇာတ်လမ်းတွဲက ရရှိမယ့် ငွေကြေးတွေကို အကုန်လှူဒါန်းမယ်လို့ ဆိုပါတယ်။

ဟာဂျေဝမ်ကို တရုတ်၊ ဗီယက်နမ်နဲ့ မလေးရှားနိုင်ငံတွေအပြင် အခြားအာရှနိုင်ငံတွေ အများအပြားက ပရိသတ်တွေ လှိုက်လှိုက်လှဲလှဲ အားပေးခြင်းခံရတဲ့ အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ဟာဂျေဝမ်ကတော့ အလှူငွေတိုးမြင့်ရရှိဖို့ ကြိုးစားဆောင်ရွက်သွားမယ်လို့ ဇန်နဝါရီ ၇ရက်က မီဒီယာတွေနဲ့ တွေ့ဆုံတဲ့အခါ ပြောကြားသွားပါတယ်။ **(အင်တာနက်)**

သဘာဝဘေးအန္တရာယ် ရန်ပုံငွေလုပ်ငန်းတွေမှာ တက်ကြွစွာပါဝင်နေတဲ့ ရှင်ဒေါ်ဟန်နဲ့

နာမကျန်းတဲ့လူတွေ ငွေကြေးထောက်ပံ့လှူဒါန်းနေတဲ့ ဘုံဆွန်

ဂျပန်မှာ ရုပ်ရှင်ဇာတ်ကားသွားရိုက်ဖို့ စီစဉ်နေတဲ့ ချွဲခွာနူး

အသင်းကြီးတွေ အကြိတ်အနယ်ဖြတ်သန်းရဦးမည့် ပရီမီယာလိဂ်ပွဲစဉ် (၂၂)အကြိုစကားဝိုင်း

ရန်ကုန် ဇန်နဝါရီ ၁၀

ပရီမီယာလိဂ်ပွဲစဉ် (၂၂)ကို ဇန်နဝါရီ ၁၂ရက်နဲ့ ၁၃ရက်တွေမှာ ဆက်လက်ကစားမှာမို့ ပွဲဆက်တွေများနေတဲ့ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေရော တန်းဆင်းဇုန်ထဲ ရောက်နေတဲ့အသင်းတွေပါအကြိတ်အနယ်ဖြတ်သန်းရပါဦးမယ်။ ဒီပွဲစဉ်နဲ့ပတ်သက်ပြီး အားကစားဝါသနာရှင်သုံးဦးရဲ့ အမြင်ကို မေးမြန်းဖော်ပြလိုက်ပါတယ်။

မေး ။ အခုကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂၂)ဟာ အရင်ပွဲတွေထက်ထူးခြားမှုရှိလား အန်ကယ် စိုး။

အန်ကယ်စိုး ။ အရင်ပွဲတွေထက် ထူးခြားတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဇန်နဝါရီ ၂၀ရက်မှာ စတင် ကစားမယ့် အာဖရိကဖလားပွဲစဉ်နဲ့ တိုက်နေတယ်၊ အဲဒီပွဲကို ပရီမီယာလိဂ်မှာ ကစားနေတဲ့ ဘောလုံးသမားတွေအများကြီး သွားကစားကြရမယ်။

မေး ။ ဒီလို ဘောလုံးသမားတွေ သွားကစားကြတော့ ပွဲရလဒ် ထိခိုက်နိုင်သလား။

အန်ကယ်စိုး ။ ထိခိုက်နိုင်တာပေါ့၊ ချယ်လ်ဆီးမှာ ဒရော့ဘာ၊ ကာလူး၊ အက်ဆီယံတို့ဟာ အဓိက ကစားသမားတွေပါ၊ အာဆင်နယ်မှာလဲ အဒီဘာယော၊ တိုရေးနဲ့ အီဘိုယေးတို့က အမာခံတွေမို့ သူတို့တွေမပါရင် အသင်းရဲ့ ကစားပုံ ဟန်ချက်တော့ ပျက်သွားမှာပါ။ ဒီတော့ပွဲရလဒ်လည်း ထိခိုက်နိုင်တာပေါ့။

မေး ။ ဘောလုံးသမားအပြောင်းအရွှေ့ ကာလနဲ့လဲတိုက်ဆိုင်နေတာကရော အန်ကယ်စိုး။

အန်ကယ်စိုး ။ ဒါလဲ သက်ဆိုင်ပါတယ်။ ဇန်နဝါရီလ ဘောလုံးသမား အပြောင်းအရွှေ့ကာလဟာ အသင်းရဲ့ ကစားအားနဲ့ စိတ်ပိုင်းဆိုင်ရာတွေ အပေါ် ရိုက်ခတ်နိုင်တာပေါ့၊ ဥပမာ-စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်၊ ဘော်လ်တန် တိုက်စစ်မှူး အနယ်ကာတို့ရဲ့ အပြောင်းအရွှေ့ သတင်းတွေဟာ မိခင်ကလပ်အသင်းအတွက် ကျန်တဲ့ကစားဖော်တွေအပေါ် အတိုင်းအတာတစ်ခု အထိ ရိုက်ခတ်နိုင်တာပေါ့။

မေး ။ အခုပွဲစဉ်မှာ ခန့်မှန်းနေကြတဲ့ ရလဒ်တွေ အတိုင်းကော ထွက်ပါ့မလား အန်ကယ်စိုး။

အန်ကယ်စိုး ။ ပရီမီယာလိဂ်ဟာ တခြားလိဂ်ပွဲစဉ်တွေနဲ့ မတူပါဘူး၊အရင်ပွဲစဉ်တုန်းကလဲ မျှော်လင့်တဲ့ ရလဒ် ထွက်ချင်မှ ထွက်တာပါ။ အခုလို ကစားသမား မပြည့်စုံတဲ့အပြင် အပြောင်းအရွှေ့ ကာလမှာဆိုတော့ မမျှော်လင့်တဲ့ ရလဒ်တွေ ထွက်လာမယ်ထင်တယ်။

မေး ။ ကဲ-လူလတ်ပိုင်း အားကစား ဝါသနာရှင် ဖြစ်တဲ့ ကိုမောင်လတ်ရဲ့ဒီပွဲစဉ် (၂၂)အပေါ် အမြင်လေး ပြောပါဦး၊ အသင်းကြီးတွေ ပေါ့ပေါ့ဆဆ ကစားလို့တော့ မရဘူး ထင်တယ်နော် ကိုမောင်လတ်။

ကိုမောင်လတ် ။ မှန်တာပေါ့၊ ထိပ်ဆုံးက အာဆင်နယ်ဟာ ဘာမင်ဂမ်နဲ့ တွေ့ရပေမယ့် လူမစုံတဲ့အတွက် ခြေကုန်ထုတ်ရမှာပါ။ ဘာမင်ဂမ်ဟာ ခြေပေါ်ရင်ကစားရ ခက်ခဲတဲ့အသင်း ဖြစ်တဲ့ အပြင် ကမ်ပိုတို့အုပ်စု အချိတ်အဆက်မိမိ ကစားနိုင်ရင် အာဆင်နယ် အိမ်ကွင်းမှာ အကျပ်အတည်းတွေ့နိုင်တာပေါ့။ အားကိုးရတဲ့ အဒီဘာယောတို့မရှိလို့ ကွင်းလယ်က ဖာဘရီဂတ်စ်တို့ အားကိုယူပြီး ကစားပါလိမ့်မယ်။ ဒုတိယနေရာက နှစ်မှတ်အကွာနဲ့ ဖိအားပေးနေတဲ့ မန်ယူတို့ကြောင့် အာကြီးတို့ ဒီပွဲမှာ အမှတ်ပြည့်ရအောင် ရှိတဲ့အားနဲ့ ညှစ်ပြီးကစားမှာပါ။

မေး ။ မန်ယူကော ဒီပွဲစဉ်မှာ လွယ်ပါ့မလား။

ကိုမောင်လတ် ။ မန်ယူမှာ လောလောဆယ်အားထားနေရတဲ့ တီဗက်ဇ်ဒဏ်ရာရနေလို့ တိုက်စစ်မှာ ရွန်နေနဲ့ စီရိုနယ်ဒိုတို့ပဲ အားကိုး ရမှာပါ။ ဆာဟာကကြံ့ခိုင်မှုမပြည့်ဝသလို ဂစ်ကလည်း ပွဲချိန်ပြည့် အားမထည့်နိုင်တော့လို့ မန်ယူတို့လည်း လူကုန်ထုတ်ကစားရမှာ ပါပဲ။

မေး ။ မန်ယူခံစစ်ပိုင်းက အကောင်းဆုံး အနေအထား ရှိရဲ့လား။

ကိုမောင်လတ် ။ မန်ယူခံစစ်မှာ ဘရောင်း၊ ဖာဒီနန်၊ ဗီဒစ်နဲ့ အီဗရာတို့က စုစည်းမှုအားရှိပြီး ခံစစ်ကြောင်း သိပ်သည်းခိုင်မာအောင်လဲ ကစားနိုင်ကြတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၂၁)ပြီးတဲ့အထိ မန်ယူဟာ ၁၁ဂိုးပဲပေးထားရတဲ့ အကောင်းဆုံးခံစစ် ဖြစ်ပါတယ်။ ကွင်းလယ်မှာလဲ ဟားဂရေ့ဗ်၊ နာနီ၊ အန်ဒါဆင်တို့လဲ ပုံမှန်ခြေရနေလို့နယူးကာဆယ်ကို အိမ်ကွင်းမှာ အနိုင် ရအောင်တော့ ကစားပါလိမ့်မယ်။ ဒါပေမယ့် နယူးကာဆယ်မှာလည်း နည်းပြဆမ်အလာဒိုက် ရုတ်တရက်နုတ်ထွက်သွားလို့နည်းပြမရှိတဲ့အနေအထားနဲ့ပါ။ အလန်ရှီးယား နည်းပြလုပ်မယ့် နယူးကာဆယ်မှာ အလန်စမစ်နဲ့ မိုက်ကယ် အိုဝင်တို့ကစားနိုင်ခဲ့ရင်တော့ ဒီပွဲမှာ ဖာဂူဆန် ရင်ပူစရာတော့ ဖြစ်ဦးမှာလို့ ထင်တယ်။

မေး ။ ချယ်လ်ဆီးနဲ့လီဗာပူးတို့အခြေအနေကိုလဲ ပြောပါဦး။

ကိုမောင်လတ် ။ ချယ်လ်ဆီးက အိမ်ကွင်းမှာ စပါးနဲ့တွေ့ရမှာဆိုတော့ ပွဲကျပ်ပါပဲ။ စပါးဟာ ချယ်လ်ဆီးကို ကောင်းကောင်း ဒုက္ခပေးတတ်တဲ့ အသင်းဖြစ်ပါတယ်။ ဒီပွဲမှာ လမ်းပတ်၊ ရှက်ဗ်ချင်ကို၊ မိုက်ကယ်ဘောလက်တို့ကို အဓိကထား ပွဲထုတ်ဖို့ပဲရှိတာမို့ စပါး တိုက်စစ်မှူးတွေဖြစ်တဲ့ ရော်ဘီကိန်း၊ ဘာဘာတော့ဗ်တို့က ကောင်းကောင်းယှဉ်နိုင်ပါလိမ့်မယ်။ အသင်းပြောင်းဖို့အားသန်နေတဲ့ ရှက်ဗ်ချင်ကို စွမ်းအားပြည့် ကစားနိုင်မလားကြည့်ရမှာပါ။ မန်ယူနဲ့ပွဲတူ လေးမှတ်ကွာပြီး အာဆင်နယ်နဲ့ပွဲတူ ခြောက်မှတ်ကွာနေတဲ့ အနေအထားကို နည်းပြဂရန့် ဘယ်လိုပြောင်းလဲနိုင်မလဲဆိုတာ တွေ့ရပါလိမ့်မယ်။ လီဗာပူးက အဝေးကွင်းမှာ မစ်ဒယ်ဘရော့နဲ့ ကစားရမှာဆိုတော့ဘင်နီတက်ဇ် ရတက်မအေးတဲ့ ပွဲပါပဲ။ အိမ်ကွင်းမှာ မစ်ဒယ်ဘရော့တို့ ခြေပေါ်ရင် ဘင်နီတက်ဇ် တစ်မှတ်လောက်နဲ့ အိမ်ပြန်ရပါလိမ့်မယ်။ လီဗာပူးဟာ ချယ်လ်ဆီးနဲ့တစ်ပွဲလျော့ ၆မှတ် ကွာနေပြီး မန်ယူနဲ့လဲ တစ်ပွဲလျော့ ၁၀မှတ်ကွာနေပါတယ်။ ဘင်နီတက်ဇ်ဟာ ပထမလေးသင်း နေရာဝင်အောင် ကြိုးစားနေတဲ့မန်စီးတီးနဲ့လည်း အပြိုင်ဖြစ်နေတာမို့ ဒီပွဲကို အနိုင်ရအောင်တော့ ကြိုးစားပေမယ့် သိပ်တော့ မလွယ်ဘူးထင်တယ်။

မောင်မောင်မြင့်ဆွေ

မေး ။ ညီလေးမောင်ဇင်အောင်ကိုတော့ တန်းဆင်းဇုန်ထဲကအသင်းတွေရဲ့ ဒီပွဲစဉ်မှာရှန်းကန်အားကို မေးရတော့မယ်။ အဲဒီအသင်းတွေ အခြေအနေ ဘယ်လိုရှိလဲညီလေး။

မောင်ဇင်အောင် ။ ဆန်းဒါးလန်းက ပို့စ်မောက်နဲ့ တွေ့ရမှာဆိုတော့ ဒီပွဲမှာ သိပ်မချောင်ဘူး။ ဒါကြောင့် ဒီပွဲရလဒ်ဟာ ဆန်းဒါးလန်းကို တန်းဆင်းဇုန်က လွတ်မြောက်စေမှာမဟုတ်ပါဘူး။ ဖူလ်ဟမ်ကလည်း ဝက်စ်ဟမ်းနဲ့ အဝေးကွင်းမှာ ကစားရမှာမို့ အဝေးကွင်းနိုင်ပွဲမရသေးတဲ့ အနေအထားက ဘဲဥကွဲဖို့ သိပ်မလွယ်ဘူးထင်ပါတယ်။ဒါဘီက ဝီဂန်နဲ့ အိမ်ကွင်းမှာ ကစားရမှာဆိုတော့ တန်းဆင်းဇုန်ထဲမရောက်အောင် ဝီဂန်တို့ အသည်းပေါက်မတတ်ကစားပြီး နိုင်ပွဲရအောင်ယူပါလိမ့်မယ်။ ဒါဘီတို့ တန်းစီဇယား အောက်ဆုံးနေရာကရွှေ့ဖို့ လမ်းစ မမြင်ဖူးလို့ ထင်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ဘိုကလေး၌ ပဲစိုက်ခင်းကြား နေကြာသီးညှပ် သရုပ်ပြ

ဘိုကလေး ဇန်နဝါရီ ၅

ဘိုကလေးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပဲစိုက်ခင်းကြားတွင် နေကြာသီးညှပ် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၁ ရက်က ဘိုကလေးမြို့နယ် ကျွန်းညိုကျေးရွာအုပ်စု တုံးလှဲကျေးရွာနှင့် ပတ္တမြားကုန်းကျေးရွာအုပ်စု ရွှေဘိုစုကျေးရွာတို့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်၊ ခရိုင်အဖွဲ့ဝင်(၁)ရဲမှူးစံသိန်း၊ ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်ဆင်နွှဲကြသည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သွားရောဂါကုသရေးအတွက် သွားစိုက်ခုံ မင်းတပ်၌ တပ်ဆင်ပြီးစီး

မင်းတပ် ဇန်နဝါရီ ၂

မင်းတပ်ခရိုင် ဆေးရုံကြီးရှိ သွားစိုက်ခုံတပ်ဆင်ပြီးစီးမှုကို ဒီဇင်ဘာ ၂၇ရက်က မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်၊ မင်းတပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့ ဦးဆောင်သောအဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းတပ်ခရိုင် ဆရာဝန်ကြီးဒေါက်တာ ညီညီမင်းနှင့် သွားရောဂါကုသရေး ဆရာဝန် ဒေါက်တာ မြတ်သင်းအောင်တို့က သွားကုသဌာန ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် သွားစိုက်ခုံတပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သွားစိုက်ခုံနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတော်မှ ပံ့ပိုးငွေကျပ်၇၂၀၀၀၀နှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၇၂၀၀၀၀ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ သွားရောဂါကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဧရာဝတီတိုင်း ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် အောင်ဆန်း (၇)လမ်း ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမောင်မောင်တင်နှင့် အမှုဆောင်အရာရှိ ဦးဌေးနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းရန် အဆိုပြုချက်(မူကြမ်း) ညှိနှိုင်းစည်းဝေး

ဟားခါး ဇန်နဝါရီ ၇

ချင်းပြည်နယ် စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၈-၂၀၀၉ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းရန် အဆိုပြုချက်(မူကြမ်း) ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့်အဖွဲ့ ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသား စီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးထန်ဒိုးကျင့်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းက အမှာစကား ပြောကြားပြီး ပြည်နယ် စီမံကိန်းမှူး ဦးထန်ဒိုးကျင့်က ၂၀၀၈-၂၀၀၉ ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်(မူကြမ်း)ကိုတင်ပြဆွေးနွေးသည်။ ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက မိမိကဏ္ဍအလိုက် စီမံကိန်း အဆိုပြုချက်ကို တင်ပြညှိနှိုင်းကြပြီး ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးချုပ် ဟုန်းငိုင်းက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။(ပြည်နယ် ပြန်/ဆက်)

ကော့မှူးမြို့နယ် စည်ပင်သာယာရေး ရုံးအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်) ရွှေရတုမဂ္ဂဇင်း ထုတ်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၈ခုနှစ်တွင်ကျရောက်မည့် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတိုစာမူများကို လာမည့်မတ်၃၁ရက် နောက်ဆုံးထားစုဆောင်းမည်ဖြစ်ရာ စိတ်ဝင်စားသူများသည် ဦးထွန်းကြည် ဖုန်း-၃၉၅၀၀၈၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၁-၂၈၈၅၉၊ ဒေါ်အေးအေးမွန် ဖုန်း-၀၅၃-၃၂၀၉၇၊ ဦးဝင်းလှိုင် ဖုန်း-၀၄၄-၂၁၆၃၇၊ ဦးအောင်သိန်း ဖုန်း-၅၄၆၄၂၀ နှင့် စာတည်းအဖွဲ့ ဖြူပြာစာပေတိုက် ဖုန်း-၂၄၅၇၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မာရသွန်(တာဝေး)အပြေးပြိုင်ပွဲဆုချီးမြှင့်

အုတ်တွင်း ဇန်နဝါရီ ၆

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မာရသွန်(တာဝေး) အပြေးပြိုင်ပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်း အုတ်တွင်းမြို့ ဘုန်းတော်တိုး ဘုန်းတော်ပွင့်ဘုရားကြီးရှေ့ ရန်ကုန်-မန္တလေး လမ်းဆုံတွင်ကျင်းပရာ အုတ်တွင်းမြို့နယ် ညောင်ခြေထောက်အုပ်စုစည်ပင်သာ ကျေးရွာမှ အုတ်တွင်းမြို့အထိ ၁၅မိုင် ပြေးပွဲတွင် အားကစားသမား ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပံ့ပိုးပေး

ဆုပေးပွဲတွင် ပထမရရှိသည့် ကိုသက်ဝင်း(ကသစ်တန်းရပ်ကွက်)အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ ဒုတိယ ရရှိသည့် ကိုမြင့်စိုး(ညောင်ခြေထောက်ကျေးရွာ)အား ကြယ်နီဆေးပေါ့လိပ် မိသားစု **(အပေါ်ပုံ)**နှင့် တတိယရရှိသည့် ကိုဝင်းဇော်ထွန်း [ကြက်သွန်ခင်း(၂)ရပ်ကွက်]၊ နှစ်သိမ့်ဆုရရှိသူ ၁၂ဦးတို့အား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ အဆိုပါဆုတွင် ပထမဆု ငွေကျပ် ၈၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၆၀၀၀၀၊ တတိယဆု ငွေကျပ် ၄၀၀၀၀နှင့်နှစ်သိမ့် ဆုငွေကျပ် ၁၀၀၀၀စီ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုကြေးငွေများကို ကြယ်နီဆေးပေါ့လိပ် မိသားစုက ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **(၁၁၆)**

စာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်စည်းဝေး

နေပြည်တော်ပျဉ်းမနား ဒီဇင်ဘာ ၂၅

နေပြည်တော်ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး ခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် ဦးခင်မောင်သန်း (ခင်မောင်သန်း-စက်မှု)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဦးကြည်အောင် (တေးသံရှင်ကြည်အောင်)က ဆောင်ရွက်သည်။

အခမ်းအနားတွင် သဘာပတိ ဦးခင်မောင်သန်း (ခင်မောင်သန်း-စက်မှု)က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးမြင့်လွင်(စံကောင်း)က ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)ထံမှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို ဦးထွန်းကျော်မင်း (ကိုကြီးကျော်)က ဖတ်ကြားပြီး ရှေးစာဆိုတော်တစ်ဦးဖြစ်သောစာရေးဆရာကြီး သတိုးပီယ အကြောင်းကို ဦးသိန်းထိုက်အောင် (မာန်သွေးသစ်မင်း)က ဟောပြောသည်။

ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာကို ဦးတင်မောင်စန်း (နန္ဒာလင်းခိုင်)က ဖတ်ကြားကြောင်း သိရသည်။ **(၀၉၉)**

မြို့နယ် သတင်းများ

ဆားလင်းကြီးအထက အာစရိယပူဇော်ပွဲ

ဆားလင်းကြီး ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြား ပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား တပည့်များက ဇန်နဝါရီ ၁၂ရက် (စနေနေ့)တွင် ဆားလင်းကြီးမြို့ အထက ပန်းမြတ်သဇင်ခန်းမ၌ စုပေါင်း ကန်တော့ကြမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်း ထည့်ဝင်လှူဒါန်း လိုသူများသည် ဆားလင်းကြီးမြို့ ဦးနေဝင်း (မြို့နယ်ပညာရေးမှူးရုံး)၊ ဦးကျော်ညွှန့်(မြို့နယ်သမဝါယမဦးစီးဌာန) နှင့် ဦးဗိုလ်စန်း အမှတ်(၂)ရပ်ကွက် ဖုန်း-၀၇၁-၂၂၉၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၈ရက်က မိခင်ဒေါ်မစိန်လှ (၁၃)နှစ်မြောက်အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ၇ရပ်ကွက် ရာဇသူရလမ်း အမှတ်၁၀၈၅နေ ဒေါ်မေနု(ခ) ဒေါ်ပေါက်စမ၊သားသမီးမိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ရင်ပြင်၌ တည်ဆောက်မည့် အာရုံခံတန်ဆောင်းအတွက် အလှူငွေကျပ်တစ်သိန်း တစ်ရာ့တစ်ဆယ်ကို ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၀)

ဒေသအစားအစာပြုလုပ်နည်းသင်တန်း တောင်ကြီး၌ဖွင့်

တောင်ကြီး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ဒေသအစားအစာ ပြုလုပ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ရက်မွန်းတည့်၁၂နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တောင်ကြီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရှဲန်ခမ်းက ဒေသအစားအစာ ရှမ်းခေါက်ဆွဲ၊ ကော်ဖီကျောက်ကျောပြုလုပ်နည်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ညိုညိုက ဆနွင်းမကင်း ပြုလုပ်နည်းကိုလည်းကောင်း၊ စာတွေ့လက်တွေ့သင်ကြားပေးရာ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

သာစည်မြို့နယ် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ ကျေးလက်ပြည်သူများ စာဖတ်စွမ်းရည်မြင့်မားရေး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဖတ်ဝိုင်းဆွေးနွေး

သာစည် ဒီဇင်ဘာ ၂၇

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်နှင့် ဝန်ထမ်းများသည် ကျေးလက်ပြည်သူများ စာဖတ်စွမ်းရည် မြင့်မားရေး၊ စာပေဖတ်ရှုခြင်းကို စိတ်ပါဝင်စားမှုရှိစေရေးတို့အတွက် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြသပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီကကျီတိုင်ကုန်း(မ)ကျေးရွာ အလီမ္မာ စာကြည့်တိုက်၌ ကျင်းပရာ နိုဝင်ဘာ ၁ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်ပါ ကျော်မင်းအေး၏ တိုင်းပြည်ကို ချစ်ပါသည်ဆိုလေတိုင်း ဆောင်းပါးကို မနီနီထွန်းက လည်းကောင်း၊ မရွှန်းလဲ့က ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် ယဉ်စမ်းပါ စိတ်ကူးစာအုပ်မှ အသက်ရှည်စွာအနာမဲ့ကြောင်း ဆောင်းပါးကို လည်းကောင်း၊ မောင်ထွန်းထွန်းဦးက စက်တင်ဘာ၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ ကျော်မင်းသူ (ရွှေပြည်သာ)၏ နှစ်ဘက်မျှမှ အဖြေလှမည် ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က ဖတ်ကြားဆွေးနွေးကြသည့်ဆောင်းပါးများအပေါ် ခြုံငုံသုံးသပ်၍ ပြန်လည်ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ကြီးမြို့၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

ကျောက်ကြီး ဒီဇင်ဘာ ၂၀

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ် ခုနစ်ရပ်ကွက်မှ ပြည်သူများ စုပေါင်း၍ (၁၃) ကြိမ်မြောက် စုပေါင်းဘုံကထိန် လှည့်လည်ပွဲကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်သံဃနာယကဆရာတော်ကြီး ဦးမဏ္ဍလ ဦးစီး၍ မြို့ပေါ်ကျောင်း၁၇ကျောင်းသို့ နိုဝင်ဘာ ၁၄ရက်က ငွေပဒေသာပင်၁၇ခု တန်ဖိုးငွေကျပ် ၁၀ သိန်းကျော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဌာနဆိုင်ရာများက ရေစက်သွန်းချ၍ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရွှေမင်းဝန်ဓမ္မရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(၃၇၂)**

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုဓမ္မာရာမ ပရိယတ္တိ စာသင်တိုက်အတွင်းရှိ ပြုပြင်ဆောက်လုပ်ဆဲဖြစ်သော သုဝဏ္ဏဝတီရွှေကျောင်းတော်အတွက် ရန်ကင်းမြို့နယ် အမှတ်၃၆ အနီဃာလမ်းနေ မိခင်ကြီးဒေါ်လှသန်း မိသားစုက ငွေကျပ်နှစ်သိန်းနှင့် သားသမီးများဖြစ်သော ဦးမြင့်စိုး-ဒေါ်မြမြ မိသားစုက ငွေကျပ် ၁၁၀၀၀၀ တို့ကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်တံခါးမြို့ ရင်းတိုက်ကုန်း ကျေးရွာအုပ်စု ရင်းတိုက်ကုန်းကျေးရွာ၌ မတ်ပဲနှင့် ပဲနောက်စိုက်ခင်းများ အတွင်းသို့ နေကြာသီးညှပ် စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၃ရက်က ကွင်းအမှတ် ၅၆(က)ရှိ တောင်သူ ဦးသက်နိုင်၏ လယ်မြေ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းကော်မတီ အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး
ကလေးမြို့၌ စာဖတ်ဝိုင်းဆွေးနွေး၊ စာအုပ်နှင့်ငွေလှူဒါန်း

ကလေး ဒီဇင်ဘာ ၂၀

ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်သူတိုးပွားရေး ဦးတည်ချက်ဖြင့် ဒီဇင်ဘာ၆ရက် နံနက်၁၀နာရီက ကလေးမြို့နယ် ခင်သာကျေးရွာ၌ စာဖတ်ဝိုင်း ဟောပြောပွဲ၊ စာအုပ်နှင့်ငွေလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောပြီး ပညာ့ဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ငွေကျပ် ၇၀၀၀တန်ဖိုးရှိသုတ၊ ရသ စာအုပ်မျိုးစုံ ၂၅အုပ်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၅၀၀၀၊ ကျေးရွာ ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်၅၀၀၀၀နှင့်သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်၁၂၀ကို လှူဒါန်းကြပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးတင်ဝင်းက လက်ခံယူသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်ပူးပေါင်းပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၁၅ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ လမ်းကြောင်းလည်းမပြောင်းပါ၊ စိုးရိမ်ရန်လည်းမလိုပါ ဆောင်းပါးနှင့် ဒီဇင်ဘာ ၆ရက်ထုတ်ကြေးမုံသတင်းစာပါ ဆင်ကရွာမှ အလင်းအိမ်ဆောင်းပါးကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ဝင်းဝင်းနှင့်ဒေါ်ခင်စန်းနိုင်တို့က ဖတ်ကြားဆွေးနွေးကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက ခြုံငုံသုံးသပ်၍ ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အခြေခံမှုများနှင့် အသေးစိတ်အခြေခံမှုများ ကျေးလက်ပြည်သူများသိရှိရန် ဟောပြော

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၅

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများ ပညာဗဟုသုတ ပြည့်ဝစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံဖြင့်ခိုင်မာရှင်သန်ရေး၊ အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမှုများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်ပတ်သက်၍ ကျေးလက်နေ ပြည်သူများ သိရှိနားလည်စေရန် ဒီဇင်ဘာ၆ရက်ကမြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်နှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဦးနေအောင်တို့သည် တင့်ကန်ကျေးရွာအုပ်စုသို့လည်းကောင်း၊ ဒီဇင်ဘာ၇ရက်က စည်ပေါက်ကန်ကျေးရွာနှင့် တွင်းဖြူကျေးရွာ အုပ်စုများသို့ လည်းကောင်း၊ စာထောက်-၃ ဦးသောင်းမြနှင့် ရုပ်/သံကျွမ်းကျင်-၃ ဦးဇော်တိုး တို့သည် ဒီဇင်ဘာ ၆ရက်မှ ၉ရက်အထိ ပုပ္ပားမြို့၌ ဆည်၊ စီးမ၊ ပျဉ်မကြီး၊ လယ်ကျင်းကောင်းနှင့် ဆုံကုန်း ကျေးရွာအုပ်စုများသို့ လည်းကောင်း သွားရောက်၍ ကွင်းဆင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ၂၄ရက်က ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် ရတနာသိင်္ခလမ်း ပြွန်တံတားခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်လင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သောစံပြရပ်ကွက် ခေါ်နူမသုမ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်မြို့အထက စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

ယင်းမာပင် ဇန်နဝါရီ ၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ (၂၁)ကြိမ်မြောက် စုပေါင်းဘုံကထိန်အောင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က အထကကျောင်းဘုရားခန်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ပညာရေးမှူးဦးစိုးတင့်အောင်၊ ကျောင်းအုပ်ဆရာကြီးဦးဗိုဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ယင်းမာပင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသောဟဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကထိန်တရားတော်များကို နာယူကြည်ညိုကြကာ ပင့်သံဃာ ၁၆ပါး၊ သာမဏေ ၁၀ပါးတို့အား အရဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ကျောင်းအုပ်ဆရာကြီးဦးဗိုဌေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အထကမှ ကထိန်သင်္ကန်းဆက်ကပ်မည့် မြို့ဦးရွှေပေါက်ပင်ပရိယတ္တိစာသင်တိုက်သို့ စီတန်းလှည့်လည်၍ **(ဝဲပုံ)** လှူဖွယ်ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့ကြသည်။ အဆိုပါ ဆွမ်းနှင့် လှူဖွယ်ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၅၂၇၉၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



နိုဝင်ဘာ ၂၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုတို့ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဇောတိတထောင်ကျောင်းပေါက်အဝင်လမ်း ကတ္တရာလမ်းတိုးချဲ့ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အဘိဓမ္မာစာမေးပွဲ ကော့ကရိတ်၌ ဖြေဆို

ကော့ကရိတ် ဒီဇင်ဘာ ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် (၅၅)ကြိမ်မြောက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဒီဇင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက ကော့ကရိတ်မြို့ မြို့မကျောင်းကြီးဓမ္မာရုံ၌ကျင်းပရာ အဆိုပါစာမေးပွဲသို့ ၆၈ ဦး လာရောက်ဖြေဆိုကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) (MD မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် လီမိတက်)-ဒေါ်ဥမ္မာ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

မိတ္ထီလာဆရာတော် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း ပဓာနနာယက မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာစာရ အရှင်သူမြတ်သည် တနင်္သာရီတိုင်း မြိတ်မြို့ လေးကျွန်းဆိမီး စေတီတော် ဓမ္မာရုံကြီး၌ ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ် စက်၊ ယန္တရားများ ပုံမှန်လည်ပတ်နိုင်မှု ရှိ မရှိကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးထွန်းမြင့်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော့ချိုမျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းတော်ကြီးဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၀

ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရန် လိုအပ်လျက်ရှိသော ချင်းပြည်နယ်တွင် ပညာတတ်တိုင်းရင်းသားသံဃာတော်များဖြင့် ကျယ်ပြန့်စွာ သာသနာပြုနိုင်ရေးအတွက် ချင်းပြည်နယ် ဟားခါးမြို့ မြို့မ သာသနာပြုစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတေဇောသာရ (မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)သည် နယ်စပ်နှင့် တောင်တန်းဒေသမှ ဓမ္မာစရိယတန်းရောက် ရဟန်းသာမဏေများ သီတင်းသုံးပညာသင်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၃၁၄ တာမွေဈေးအနီးတွင် ရတနာလင်္ကာရ သာသနာပြု လေးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်သာသနာပြုလျက်ရှိသည်။

အလှူငွေများ လှူဒါန်းလျက်ရှိကြရာ တာမွေမြို့နယ် အမှတ်၁၈ ၁၅၅လမ်းနေ ဦးသိန်းမောင်-ဒေါ်စိန်ညွန့်၊ သမီး ဒေါ်ကျင်မေတို့အားရည်စူး၍ ဦးထွန်းညွန့် မိသားစုက နဂါးရုံဘုရားအတွက် ငွေကျပ်သိန်း ၂၀၊ အမှတ် ၃၆ သမိန်ဗရမ်းလမ်းနေ ဦးကျော်မင်း-ဒေါ်စန်းမြင့်ကြည်မိသားစုက အရံစေတီတစ်ဆူအတွက် ငွေကျပ်ငါးသိန်း၊ အမှတ် ၃၆ ဓမ္မဒါနလမ်းနေ အဘိုး အဘွား၊ အမိ အဖများအား ရည်စူး၍ ဒေါ်စန်းမြင့်၊ ဒေါ်မြမြညွန့်တို့က အရံစေတီတစ်ဆူအတွက် ငွေကျပ် ငါးသိန်း၊ အမှတ် ၃၁၈ ကျိုက္ကဆံလမ်းနေ ဦးအောင်ခင်ခွန်း-ဒေါ်ဝင်းကြည်၊ သားသမီး၊ မြေးတစ်စု (၅၅၅ ကားပစ္စည်းဆိုင်)က စတီးလ်ရေကန်တစ်လုံးအတွက် ငွေကျပ်ငါးသိန်း၊ အမှတ်၁၅ စိတ္တသုခလမ်းနေ မိခင်ဒေါ်စန်းမြအား အမှူးထား၍ ဦးတင်ဦး-ဒေါ်သန်းဌေးမိသားစုက ၁၀ပေတစ်ခန်းအတွက် ငွေကျပ်သုံးသိန်း၊ အမှတ် ၃၂၃၊ ၃၂၅ ကျိုက္ကဆံလမ်းနေ မောင်အေးမင်းလွင်(ခ)အေးငယ်အားရည်စူး၍ မိခင်ကြီးဒေါ်သန်းသန်းစိန်မိသားစုက မဟာရုံတံတိုင်းတစ်ခန်းအတွက် ငွေကျပ်နှစ်သိန်း၊ အမှတ် ၁၄ မြင့်မိုရ်လမ်း စမ်းချောင်းနေ ဦးဘွန်ကြည်-ဒေါ်မေမေခင်မိသားစုက ငွေကျပ်တစ်သိန်းငါးထောင်၊ လှည်းကူးမြို့ ဒါးပိန်လမ်းနေ ဦးငြိမ်းမောင်-ဒေါ်စိမ်း၊ မြေး ကြည်ဖြူလှိုင်က ငွေကျပ်တစ်သိန်းတို့ကို သာသနာပြုဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

လှူဒါန်းသာသနာပြုလိုသော အလှူရှင်များသည် သာသနာပြုဆရာတော် ဖုန်း-၀၉-၅၀-၁၁၄၂၀၊ ၀၁-၅၄၅၁၅၃ (ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂ (ဟားခါး) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကုန်း၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော ထူးချွန်သူများ ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

ကျောင်းကုန်း ဇန်နဝါရီ ၃

၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် ည၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစံလှထွန်း (မြို့နယ်သတင်းထောက်)က ဖတ်ကြားသည်။

ပေးအပ်

ဆက်လက်၍ စာပေပြိုင်ပွဲ စာမူဆုများ၊ ပညာရည်ချွန်ဆုများ၊ ထူးချွန်လယ်သမားဆုနှင့် (၉၁) ကြိမ်မြောက် သွေးအလှူရှင်ဆုများအား မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် အတွင်းရေးမှူး ဦးအောင်ဝင်းတို့က ပေးအပ်ကြသည်။

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းက ပညာရည်ချွန်ဆုများ ပေးအပ်ပြီး အလှူရှင် ဦးခင်အောင်ဆွေ လှူဒါန်းသော ငွေကျပ် ၁၀သိန်းကို လက်ခံယူသည်။ **(ယာပုံ)**

ယင်းနောက် စာရေးဆရာကြီး ဆရာမကြီးများဖြစ်ကြသော မောင်စိုးထိုက်(သုံးဆယ်)၊ ညွှန့်ဟံ(ကြူတော)၊ ကဗျာဆရာ သူရဇော်နှင့် ဆရာမ မနှင်းဖွေးတို့က စာပေရေးရာများ ဟောပြောကြသည်။ **(၂၆၅)**

မြို့နယ်သတင်းများ

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရာဇသင်္ကြန်လမ်း အခန်း ၁၀၁ (၆၈၁)အေနေ ဗိုလ်မှူးကြီး သိန်းလွင်-ဒေါ်မြင့်မြင့်တင်တို့၏ မင်္ဂလာသက်(၂၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား ရိပ်သာတွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက ပေးအပ်လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။ (၃၈၀)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားများ တိုးတက်ရေးကြိုးပမ်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၀

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ မန္တလေးတိုင်း မန္တလေးမြို့၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နှင့် မုံရွာမြို့များရှိ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများ၊ လူမှုဖူလုံရေးဆေးပေးခန်းများ၊ မန္တလေးစက်မှုဇုန်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် အလုပ်သမားဆေးရုံကြီးတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အလုပ်အကိုင်အခွင့်အလမ်း

ထို့ပြင် ဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဆက်ဆံမှု တိုးတက်ကောင်းမွန်ရေး၊ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

တွေ့ဆုံ

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မန္တလေး စက်မှုဇုန်တွင် စက်ရုံလုပ်သား များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကစားမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကြီးမှူး၍ အောင်ဆန်းအားကစားပြိုင်ကွင်းကြီးတွင် ဇန်နဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီမှစ၍ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များ၏ စင်တင်တေးဂီတ ဖျော်ဖြေမှုနှင့် ဟာသလူရွှင်တော်များ၏ ဖျော်ဖြေပွဲအပြီး ညနေ ၄ နာရီတွင် မြန်မာနိုင်ငံရုပ်ရှင် သရုပ်ဆောင်(အမျိုးသား) ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် (အမျိုးသမီး) ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကစားကြမည်ဖြစ်သည်။ အထူးတန်း ပွဲကြည့်စင်အတွက် လက်မှတ်တစ်စောင်ကျပ် ၃၅၀၀၊ မြောက်ဘက်တန်း ပွဲကြည့်စင်အတွက် ကျပ် ၁၀၀၀ နှုန်းဖြစ်ပြီး လက်မှတ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁၊ ၇၂၇၈၃၁၊ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်း ဝင်ပေါက်လက်မှတ်တန်း၊ ဝဇီရာရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံးများ၊ ယုဇနပလာဇာ စူပါပါဝါဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး ဖုန်း-၀၉-၅၀၀၄၅၂၃၊ ၇၀၄၈၁၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဆောင်းနှင်းမှုန်ပျံ့

လွိုင်လင်	-၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၂ ဒီဂရီစင်တီဂရိတ်
ဟားခါး	၄ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၄ ဒီဂရီစင်တီဂရိတ်

ထိုင်းရွေးကောက်ပွဲ အနိုင်ရပါတီ ထောက်ခံမှုရရန် မလိမ်ခဲ့ မရိုးမသားမှုများ ဆက်လက်ဖော်ထုတ်မည် ရွေးကောက်ပွဲကော်မရှင် ပြောကြား

ဗန်ကောက် ဇန်နဝါရီ ၁၀

ထိုင်းနိုင်ငံ၌ မကြာမီက ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီ၏ မဲလိမ်မှုများကို ဆက်လက်တွေ့ရှိထားကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင် (အီးစီ)က ဇန်နဝါရီ ၁၀ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ဖော်ထုတ်တွေ့ရှိ

မိမိတို့အနေဖြင့် အနိုင်ရပါတီဖြစ်သော ထိုင်းပြည်သူ့အာဏာပါတီ(ပီပီပီ)နှင့် ဒီမိုကရက်ပါတီတို့မှ အရွေးချယ်ခံထားရသော အမတ်အချို့ မဲလိမ်ခဲ့မှုကို ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်မှ အရာရှိများက ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၅ ●

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား